# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၄)ရက် ၊ အင်္ဂါနေ့ ၊ (1-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များကို သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား ဆေးဝါးကုသမှုပေးထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ⚐

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

## နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် (the day of national mourning) သတ်မှတ်ကြေညာခြင်း

စာမျက်နှာ- ၁၈




ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်
အယ်ဒီတာ့အာဘော်

# ကောလာဟလသတင်းများကို စက်သုံးဆီသုံးစွဲသူများ စိုးရိမ်စိတ်မဖြစ်စေရေး

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းများနှင့် မမှန်ကန်သည့်သတင်းများကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်စိတ်များဖြင့် ပုံမှန်သုံးစွဲမှုပမာဏထက် ကျော်လွန်ဝယ်ယူနေကြပြီး စက်သုံးဆီအရောင်းဆိုင်များတွင် တန်းစီဝယ်ယူမှုများဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သောမြေငလျင်ကြောင့် စက်သုံးဆီအရောင်းဆိုင်တချို့ အဆောက်အအုံများပြိုကျပျက်စီးခြင်း၊ မြေအောက်ရေလှောင်ကန်များအပါအဝင် ဆီပန့်နှင့် ဆက်သွယ်ထားသောမြေအောက်ဆီပိုက်လိုင်းများ ပျက်စီးချို့ယွင်းခြင်း၊ စက်သုံးဆီဖြန့်ဖြူးရာတွင်အသုံးပြုသည့် မီးစက်တချို့ ပျက်စီးချို့ယွင်းခြင်းများဖြစ်ခဲ့သည့်အပြင် လျှပ်စစ်မီးလိုင်းများပြတ်တောက်မှုလည်းဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခဲ့မှုအပေါ် စက်သုံးဆီပြတ်လပ်မည်ဆိုသော ကောလာဟလများထွက်ပေါ်လာသောကြောင့် မော်တော်ယာဉ်ပိုင်ရှင်များနှင့် စက်သုံးဆီတစ်ဆင့်ပြန်လည်ရောင်းချသူများက အလုအယက်ဝယ်ယူနေသဖြင့် စက်သုံးဆီအမှန်တကယ်လိုအပ်နေသူများ အခက်တွေ့စေခဲ့သည်။

စက်သုံးဆီဝယ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ မတ် ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သောမြေငလျင်ကြောင့် စက်သုံးဆီအရောင်းဆိုင်များ၏ ပျက်စီးချို့ယွင်းမှုများကို အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အရောင်းဆိုင်စုစုပေါင်း ၁၀၅ ဆိုင်အနက် အရောင်းဆိုင် ၉၀ ခန့်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၆၄ ဆိုင်တို့ကို ပြင်ဆင်ပြီးစီးခဲ့သဖြင့် ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ကျန်အရောင်းဆိုင်များအနေဖြင့် မည်သည့်ပျက်စီးချို့ယွင်းမှုမျှမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ယနေ့ စက်သုံးဆီပျမ်းမျှပေါက်ဈေးမှာ ဒီဇယ်ရိုးရိုးတစ်လီတာလျှင် ၂၆၉၅ ကျပ်၊ ဒီဇယ်(ပရီမီယံ) တစ်လီတာလျှင် ငွေကျပ် ၃၃၀၅၊ ဓာတ်ဆီတစ်လီတာလျှင် ငွေကျပ် ၂၆၉၀၊ အောက်တိန်း(၉၂) တစ်လီတာလျှင် ၃၁၁၅ ကျပ်၊ အောက်တိန်း(၉၅) တစ်လီတာလျှင် ၃၁၆၅ ကျပ် ပေါက်ဈေးရှိသည်။

ထို့ပြင် ပြည်တွင်း စက်သုံးဆီဖူလုံမှုရှိစေရန်အတွက် ကြိုတင်စီမံထားသည့်အတိုင်း သီလဝါသိုလှောင်ကန်စခန်းများတွင် ရက်သတ္တပတ်စာခန့် သိုလှောင်ထားရှိပြီးဖြစ်သည့်အပြင် ဆီတင်သင်္ဘောများမှာလည်း အဆက်မပြတ်ဝင်ရောက်လျက်ရှိရာ Jetty များတွင် လေးစီး၊ ပင်လယ်ဝတွင် သုံးစီး၊ လမ်းခရီးတွင် သုံးစီးနှင့် ပြည်ပနိုင်ငံများတွင် စက်သုံးဆီတင်ဆောင်နေသည့်သင်္ဘော ၁၁ စီးဖြစ်သဖြင့် စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်နိုင်မည်မဟုတ်ဘဲ ပုံမှန်ဖြန့်ဖြူးမှုများအပြင် လိုအပ်ပါက အရေးပေါ် Urgent ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်ထားသည်ကို စွမ်းအင်ဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် လတ်တလောအခြေအနေကြောင့် စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်မည်ဟု စိုးရိမ်စိတ်ဖြင့် မလိုအပ်ဘဲ တန်းစီဝယ်ယူခြင်း၊ အပိုသိုလှောင်ထားခြင်းမပြုလုပ်ကြရန်နှင့် လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် စွမ်းအင်ဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ ထို့ကြောင့် စက်သုံးဆီဝယ်ယူသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့လိုအပ်သည့်စက်သုံးဆီပမာဏသာ ဝယ်ယူကြရန်၊ စက်သုံးဆီပြတ်လပ်မည်ဆိုသော ကောလာဟလသတင်းများကို မယုံကြည်ရန်၊ စိုးရိမ်စိတ်များမဖြစ်ကြရန် အသိပေးရေးသားလိုက်ရပါသည်။

# ခင်ဦးမြို့နယ်တွင် ကြက်သွန်နီ ကေအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၄၉၅၀ ဒသမ ၅ ပိဿာထွက်ရှိ



**ခင်ဦး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၉၅၀ ဒသမ ၅ ပိဿာ ထွက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၈၄၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၄၉၅၀ ဒသမ၅ ပိဿာထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၄၈၄၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ လက်ရှိချိန်မှာတော့ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ကြက်သွန်နီ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု နှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် ရေင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် ရေင်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၄၂၇ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၅၂ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၉၀ ထုတ်ချေးပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ပြောပြ၍ သိရသည်။

သူသူ

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်သည် ငါးရှဉ့်အထွက်များသော ဒေသဖြစ်ပြီး ထွက်ရှိလာသည့် ရေထွက်ကုန်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေက လယ်ယာထွက်ကုန်တွေအပြင် ငါးရှဉ့်နဲ့ အခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရေလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတစ်ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ ရန်ကုန်ဈေးကွက်က ငါးရှဉ့်ဝယ်ယူမှု အားကောင်းခဲ့ပါတယ်။ ဝယ်ယူမှုအားကောင်းခဲ့တဲ့အတွက် ဒေသခံ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ အဆင်ပြေလာတာ တွေ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟုဘိုကလေးမြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ ထိုသို့ငါးရှဉ့်များဝယ်ယူမှုများပြားလာခြင်းကြောင့် ငါးရှဉ့်ရှာဖွေသူများ၊ ငါးရှဉ့်မွေးမြူသူများ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖာပွန်မြို့နယ် ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဖာပွန် မတ် ၃၁**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်ဆွေးနွေး မှာကြားသည်။

အဆိုပါ ဝါးဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၅ သိန်းကို ထုတ်ချေးပေးထားကြောင်း ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောပြ၍ သိရသည်။

ကိုသက်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဟုမ္မလင်းမြို့နယ် ရွှေတွင်းအုပ်စု ရာလားတီးကျောင်းဆရာတော် ဦးဝါယမက ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးခင်မောင်နှင့် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# သာပေါင်းမြို့နယ်တွင် စပါး ၉၄၀၀၂ ကေ စိုက်ပျိုးပြီးစီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပုသိမ် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် စပါး၉၄၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၀၅၅ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၉၄၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

" သာပေါင်းမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး လုပ်ငန်းတွေ ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိစပါးတွေ ၉၄၀၀၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီဖို့ကိုလဲ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် နွေစပါး ၉၄၀၀၂ ကေကို ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 စသည့်စပါး အမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# တွံတေးမြို့နယ်၌ VRFP စီမံကိန်း လုပ်ငန်းများ စစ်ဆေး

**တွံတေး မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) မတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို မတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများက ရှမ်းစုလေးကျေးရွာ၌ စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ကော်မတီဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရှမ်းစုလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါရှမ်းစုလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၅၁ ဦးကို ပဥ္စမအကြိမ် ကျေးရွာမတည် ရန်ပုံငွေကျပ် ၂၃၅ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးထံမှ သိရသည်။

မောင်နိုင်

# ကလေးမြို့နယ်တွင် ဂျုံကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၀၉ တင်းထွက်ရှိ

**ကလေး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဂျုံကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၀၉ တင်းထွက်ရှိကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၄ ကေထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဂျုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၂၇၈၄ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဂျုံခင်းတွေ အခုလက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံများအားလုံး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ နှစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# ထိရောက်မှုရှိခြင်း

ရှာသားဖိုးမောင်

စာဖတ်သူများသိကြသည့်အတိုင်း အရပ်ဘက်ဆိုင်ရာလုပ်ငန်းဆောင်တာများတွင် ရပ်ရွာသာရေးနာရေး၊ လူမှုရေးတန်းရေးမှအစ၊ ဘုရားတည်၊ ကျောင်းဆောက်၊ ရပ်ရွာလမ်းပြင်၊ တံတားဆောက်သည်ထိ အဖွဲ့အစည်းစနစ်တကျဖွဲ့စည်းကာ တာဝန်ခွဲဝေ၍ အကောင်အထည်ဖော်ကြရသည်မဟုတ်လား။

**သမဂ္ဂါနံ့တပေါသုခေါ**

စုပေါင်းညီညွတ်စွာ ပူးပေါင်းလုပ်ဆောင် အကောင်အထည်ဖော်ကြရသောအခါ ချမ်းသာစွာ အောင်မြင်ပြီးမြောက်စမြဲသာဖြစ်ပါ၏။ ညီညွတ်ခြင်းက ချမ်းသာခြင်းကိုယူဆောင်လာသည်မှာ ဟိုရှေးရှေးလွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော် သုံးထောင်ကလည်း ဘယ်မြို့ဘယ်ရွာမှာမဆိုမှန်၏။ ယနေ့လည်းဘယ်နိုင်ငံ၊ ဘယ်တိုင်းပြည်မှာမဆို မှန်ကန်၏။ မညီမညွတ် အကွဲကွဲအပြားပြား သဘောထားမညီညွတ်နိုင်ကြသော အဖွဲ့အစည်း၊ အသင်းအပင်းသည် ချမ်းသာကြီးပွားခြင်းနှင့်ဝေး၏။ ပျက်ပြားဆုတ်ယုတ်ခြင်း၊ ကျရှုံးနိမ့်ကျခြင်းဆီသို့သာ ဆိုက်ရောက်စေပါ၏။ ဟိုအဖွဲ့ကိုပြောခြင်းလား။ ဒီပါတီကိုစောင်းမြောင်းပြောလေသလော။ ဟိုအသင်း၊ ဟိုဌာနကို ဆိုလိုတာလား။ ပုဂ္ဂလဓိဋ္ဌာန်ဘယ်အသင်းအပင်း၊ အဖွဲ့အစည်း၊ ပါတီအုပ်စုကိုမှဆိုရခြင်းမဟုတ်။ ဓမ္မဓိဋ္ဌာန်သဘော ဘုရားရှင်ဟောတော်မူခဲ့သော ဓမ္မနိယာမကို ထင်ရှားအောင် တင်ပြရခြင်းသာဖြစ်ပါသည်။

အသင်းအပင်း၊ အဖွဲ့အစည်းဟူ၍ စုပေါင်းကြသောအခါ မျက်နှာချင်းဆိုင်စည်းဝေးတိုင်ပင်ကြရသည်။ စင်စစ်မူ စည်းဝေးဆွေးနွေးကြခြင်းသည် လုပ်ဆောင်စရာကိစ္စနှင့်ပတ်သက်၍ အဓိက အချက်နှစ်ချက်အတွက် ရွေးချယ်ဆုံးဖြတ်နိုင်ရန် အကြောင်းအကျိုး၊ အကောင်းအဆိုးကို ထုတ်ဖော်ရှင်းပြ ဖလှယ်ကြခြင်းသာဖြစ်ပါ၏။

၁။ ပထမလိုလားချက် **ဘာကိုလုပ်မလဲ**(What)

၂။ ထိုလုပ်ငန်းကို **ဘယ်လိုလုပ်မလဲ**(How)

အချို့ပုဂ္ဂိုလ်က ထပြောသည်၊ ဆွေးနွေးပွဲတိုင်းတွင် သူအဓိကထား၍ ပြောဆိုသည်မှာ သူတို့လူမျိုးကို မနှိမ်ဖို့၊ သူတို့လူမျိုးကိုမဖိနှိပ်ဖို့၊ သူတို့လူမျိုးကို ဝိုင်းပယ်မထားဖို့ စသည့်ဘူတာသို့သာ သူ့စကားက ဆိုက်တတ်၏။ ဘာကိုလုပ်ရန် အကြံပြုချက်မပါပါ။ ဘယ်လိုနည်းလမ်းများသုံးသင့်သည်ဟုလည်း မတင်ပြတတ်ပါ။ သူတို့လူမျိုးကိစ္စကိုသာ အစည်းအဝေးတိုင်းမှာ ဆိုင်ဆိုင်မဆိုင်ဆိုင် ထပြောလေ့ရှိနေ၏။ သူ့စိတ်ထဲရှိရာကို ပြောချင်တာပြောပါစေဟု ခွင့်လွှတ်ကြရ၏။

အချို့ပုဂ္ဂိုလ်များ (အမျိုးသမီးများ)က လျှပ်စစ်မီးမမှန်သဖြင့် ရေမတင်နိုင်၍ အခက်အခဲတွေ့ရပုံ၊ မီးမမှန်သဖြင့် ထမင်းချက်ရင်း ထမင်းမကျက်သဖြင့် အစားအသောက်ဒုက္ခရောက်ရပုံ၊ ဆန်နို့ဆီဘယ်နှဘူးဆုံးရှုံးရဖူးကြောင်း စသည်ဖြင့် လျှပ်စစ်ဓာတ်မမှန်ရခြင်းကိုသာ ကိုယ်တွေ့ခံစားချက်များအရ ဒေါနှင့်မောနှင့် ပြောလေ့ရှိကြပါ၏။ သူတို့၏ တင်ပြချက်များမှာ အလုပ်ထိရောက်စေမည့် အထောက်အကူ၊ အကြံဉာဏ်ဆို၍ ဘာမျှမပါ။ သူတို့နေ့စဉ်ဘဝမှာ ကြုံတွေ့နေရသော အခက်အခဲကိစ္စကို အသေးစိတ်စီကာပတ်ကုံး ပြောဆိုဆွေးနွေးနေလေ့ ရှိတတ်၏။ ရှိစေ၊ မကျေနပ်မှုဖြေလျှော့ပွဲကွင်းအနေဖြင့် ပါဝင်ပြောဆိုနေခြင်းကို ထိုင်ပြီးသည်းခံကြရုံသာ။

အချို့ပုဂ္ဂိုလ်က ကမ္ဘာ့ရာသီဥတုအပြောင်းအလဲနှင့် ငလျင်များအကြောင်း၊ သောက်ရေရှားပါးမှုနှင့်၊ ရေလွှမ်းမိုးမှုအကြောင်း၊ ကမ္ဘာ့လူသားတွေသည် အိုဇုန်းလွှာကြီးပေါက်ပြဲမှုကြောင့် စက်ရုံအလုပ်ရုံများ လျှော့ချဖို့လိုအပ်ကြောင်း၊ ကျောက်မီးသွေးလောင်စာတွေ မသုံးသင့်ကြောင်း၊ စက်ရုံမီးခိုးများကြောင့် လေထုညစ်ညမ်းသဖြင့် တရုတ်ပြည်ရှိရှန်ဟဲ၊ ဘေဂျင်းမြို့ကြီးရှိ စာသင်ကျောင်းများ ပိတ်ထားရဖူးကြောင်း၊ ထိုင်းနိုင်ငံဘန်ကောက်မြို့တော်မှာလည်း အလားတူလေထုညစ်ညမ်းမှု ဆိုးဝါးလာသဖြင့် ကျောင်းများပိတ်ရန် စီမံနေရကြောင်း စသည် သတင်းစာ၊ တီဗီ၊ ရေဒီယိုက လာသမျှနိုင်ငံတကာသတင်းများကိုတစ်ခုပြီးတစ်ခု သတင်းစာတစ်စောင်လုံးကကြီးမှအ အထိ ဖတ်ပြနေသလို အပ်ကျမပ်ကျ ပြောဆိုတင်ပြနေ၍ မဆုံးနိုင်တော့။ ဗဟုသုတတော့ တော်တော်ရှိသော ပုဂ္ဂိုလ်ဟုဆိုနိုင်ပါလိမ့်မည်။ လေကြောရှည်တတ်သဖြင့် အခြားတစ်ယောက်က ထ၍ ထောက်တော့၏။

"ခင်ဗျားပြောတာတွေ ကောင်းပါတယ်ဗျာ။ အဲဒီလိုတွေ အခြေအနေပြောင်းလဲဖြစ်ပေါ်နေကြတော့ ကျွန်တော်တို့က ဘာလုပ်သင့်သလဲဆိုတဲ့ ဆိုလိုရင်းကောက်နှုတ်ချက်အဖြေကဘာလဲ။ ဒါဆိုဘာကို ဘယ်ပုံ ဘယ်နည်းတွေနဲ့ ဖြေရှင်းရင်ဆိုင်ကြမလဲ ဆိုတဲ့ အကြံပြုချက်နည်းလမ်းကဘာလဲ ပြောစေချင်ပါတယ်"မေးသောအခါ အူတိအူကြောင် ပြန်ကြည့်နေပြီး ဘာမှမဖြေနိုင်ရှာပေ။

မတင်ပြခင်ကတည်းက ပြဿနာတွေကိုသာ စာရင်းပြုစုခဲ့ပြီး အဖြေနှင့်နည်းလမ်းကိုဘာမှစဉ်းစားတွေးခေါ်ခဲ့ခြင်းမရှိကြောင်း ထင်ရှားသည်။ သူက လူညံ့တစ်ယောက်တော့မဟုတ်ပါ။ ဗဟုသုတလေ့လာမှတ်သားခြင်းအတွက် လေးစားအပ်ပါ၏။ သို့တစေ မိမိ၏ကိုယ်ပိုင်ဉာဏ်ကိုအသုံးချ၍ တို့ရပ်ကွက်အတွက် ဘာလုပ်ရန်လိုအပ်မလဲ။ ဘယ်လိုလုပ်ဆောင်ကြမလဲဟူ၍ အဖြေဖော်ထုတ်နိုင်သော စဉ်းစားခြင်းမျိုးထိကား သူမတွေး၊ မပြောနိုင်။ ဒါလည်းဟန်မကျသေးဘူး။ ဤသို့သောလူတွေများသဖြင့် အစိုးရဌာနရုံးအဆင့်ဆင့် တင်ပြစာ၊ ရုံးတွင်းစာတို့၌ တင်ပြအပ်ဟုသာရေးတင်ပြီး ဘာလုပ်ရပါမည်၊ ဘယ်ပုံဘယ်နည်းစီမံသင့်ပါသည်ဟု တင်ပြသော အရာထမ်းကောင်းက မရှိသလောက် ရှားပါးနေလေသည်။

လူကြီးကိုယ်စား၊ လူကြီးနေရာမှ ကိုယ်ပွားစဉ်းစား၊ လေ့လာသုံးသပ်၊ ချင့်ချိန်ကာ ပြဿနာအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ဆုံးဖြတ်ရန် လိုရင်းတိုရှင်း တင်ပြနိုင်စွမ်းရှိသော ဦးစီးအရာရှိကောင်းများကသာ ဆုံးဖြတ်ချက်ချမှတ်ရမည့် ခေါင်းဆောင်အကြီးအကဲအတွက် အားကိုးလောက်သော ဦးစီးအဖွဲ့ဝင်ဖြစ်ပေလိမ့်မည်။

ဝန်ထမ်းဘဝတွင် အခန်းကဏ္ဍမတူညီဘဲ ကွဲပြားခြားနားသော ဇာတ်ရုပ်သုံးရုပ်တွင် ပါဝင်ကပြကြရပါသည်။

၁။ Commandar ခေါင်းဆောင်ဆုံးဖြတ်ချက်ချသူ

(ဘာလုပ်ရမလဲ ရွေးချယ်တတ်ရ၏)

၂။ Staff Officer ဦးစီးအရာရှိ

(အထက်အကြီးအကဲကို ဘာလုပ်လျှင် အမှန်ကန်ဆုံးဖြစ်ကြောင်းကိုလည်းကောင်း၊ ဘယ်နည်းက အထိရောက်ဆုံးသော နည်းလမ်းဖြစ်၍ ဆက်လုပ်ခွင့်ပြုပါဟုလည်းကောင်း အသိပေးခွင့်တောင်းသူ)

ဘယ်လိုလုပ်မှ အကောင်းဆုံးဆိုတာ ဦးစီးအရာရှိက သိနေရပါမည်။

❖အစည်းအဝေးတွင်ထပြီး ပါဝင်ဆွေးနွေးကြရာတွင် အစီအစဉ်တကျတင်ပြတတ်ဖို့လိုအပ်ပါ၏။ ရပ်ကွက်ထဲက အစည်းအဝေးမှာ ချမ်းသာဆင်းရဲ၊ ပညာတတ်သူ၊ မတတ်သူ၊ အလုပ်အကိုင်ကောင်းသူ၊ မကောင်းသူ၊ အမျိုးသား၊ အမျိုးသမီး၊ အသက်ကြီးသူ၊ ငယ်ရွယ်သူ စသည်ဖြင့် ကွဲပြားခြားနားချက် ကျယ်ဝန်းကွာဝေးသူများပါဝင်တတ်ကြ၏။ ပြောရလျှင်ပြီးရော၊ ထထပြောချင်သူမျိုးလည်းရှိတတ်၏။ ပြောပါစေ။ ပြောချင်တာပြောပါစေ။ သူများပြောပုံ၊ ပြောချက်များကို နားထောင်ရင်းနှင့် အချို့လည်း သဘောပေါက်သိမြင်လာလောက်ပါ၏။ သရုပ်ပြခြင်း၊ နမူနာပြခြင်း၊ လက်တွေ့ပြောပြနေခြင်း သဘောပင် မဟုတ်ပေလား။❖

၃။ Training Officer လေ့ကျင့်ရေးနည်းပြအရာရှိ လက်အောက်ငယ်သားများကို

(က)လုပ်တတ်ကိုင်တတ်ပညာတတ်အောင်

(ခ) လုပ်ချင်ကိုင်ချင်စိတ်အားတက်ကြွအောင်

သင်ကြားလေ့ကျင့်လှုံ့ဆော်တတ်ရသည်။

ဘယ်နေရာမှာ တာဝန်ယူရယူရ ပြောင်မြောက်ထူးချွန်သော ဝန်ထမ်းမျိုးသည် အထက်လူကလည်း ကြိုက်သည်။ အောက်လူများကလည်း သဘောကျလေးစားသည်။ ထိုသူသည် လုပ်သက်မများလှသော်လည်း အရည်အသွေးမြင့်မားသဖြင့် ရာထူးမြန်မြန်တိုးသွားလေသည်။

အစည်းအဝေးတွင်ထပြီး ပါဝင်ဆွေးနွေးကြရာတွင် အစီအစဉ်တကျ တင်ပြတတ်ဖို့လိုအပ်ပါ၏။ ရပ်ကွက်ထဲက အစည်းအဝေးမှာ ချမ်းသာဆင်းရဲ၊ ပညာတတ်သူ၊ မတတ်သူ၊ အလုပ်အကိုင်ကောင်းသူ၊ မကောင်းသူ၊ အမျိုးသား၊ အမျိုးသမီး၊ အသက်ကြီးသူ၊ ငယ်ရွယ်သူ စသည်ဖြင့် ကွဲပြားခြားနားချက် ကျယ်ဝန်းကွာဝေးသူများပါဝင်တတ်ကြ၏။ ပြောရလျှင်ပြီးရော၊ ထထပြောချင်သူမျိုးလည်းရှိတတ်၏။ ပြောပါစေ။ ပြောချင်တာပြောပါစေ။ သူများပြောပုံ၊ ပြောချက်များကို နားထောင်ရင်းနှင့် အချို့လည်း သဘောပေါက်သိမြင်လာလောက်ပါ၏။ သရုပ်ပြခြင်း၊ နမူနာပြခြင်း၊ လက်တွေ့ပြောပြနေခြင်း သဘောပင် မဟုတ်ပေလား။

စနစ်တကျပြောပြသွားသူများကို ကြည့်ပါ။ သူ့မှာ အစီအစဉ်ပါသည်-

၁။ ရည်ရွယ်ချက်။ ဘာရည်ရွယ်ချက်နဲ့ ပြောမှာလဲ။

၂။ အကျုံးဝင်သောအချက်များ။ ရည်ရွယ်ချက်နဲ့ ပတ်သက်ဆက်စပ်၊ သက်ဆိုင်သမျှသာ ရွေးပြောသည်။ မဆိုင်တာမပါ၊ အပိုမပါ။ ဘေးမရောက်စေရ။

၃။ ဖော်ထုတ်ချက်။ အခြေအနေဖော်ပြ၍ ထို့ကြောင့်ဘာဖြစ်နေပြီ။ ထို့ကြောင့် ဘာဖြစ်လာနိုင်သည်။ ဒါဆို အကျိုးဆက် ဘာတွေပေါ်ပေါက်လိမ့်မည် ဖော်ထုတ်၏။

၄။ နည်းလမ်း။ ဒါဆိုရင် ဘာလုပ်ကြမလဲ။ နည်းလမ်းရှိသမျှ စဉ်းစားတင်ပြသည်။ ဤအထဲကမှ မိမိ တို့လုပ်သင့်သမျှထဲက၊ လုပ်နိုင်တာထဲက (မဖြစ်မနေ) လုပ်ရမည့်အချက်ကိုရွေးပြီး ဖော်ပြသည်။ လုပ်ချင်တာထည့်ပြောမနေ။

လုပ်သင့်တာထဲက၊ လုပ်နိုင်တာထဲက၊ လုပ်ရမည့်နည်းလမ်းကိုသာ တိုတိုရှင်းရှင်း လိုရင်းတင်ပြ၏။ စကားရှည်ဝေး ဝေ့ဝိုက်လေရှည်မနေသဖြင့် ရှင်း၏။

တက်ရောက်ကြသူများက အဖြေသိမြင်ကြပြီ။ ဘာကိုလုပ်ရမည်၊ ဘယ်လိုလုပ်ကြမည်၊ ဘာကြောင့် လုပ်ရသည်ကို သဲသဲကွဲကွဲ ထင်ထင်ရှားရှား သဘောပေါက်ကြ၏။ အလုပ်လုပ်ရသည်မှာ ပျော်စရာကောင်း၏။ ညီညီညွတ်ညွတ်ချစ်ချစ်ခင်ခင်ရှိကြ၏။ စည်းလုံးကြ၏။ ညီညာကြ၏။ အချင်းချင်းရိုင်းပင်ကူညီ၏။ အခက်အခဲတွေ့ရလျှင် နားလည်စာနာနိုင်၏။ ရေကိုသားသော် ခြားမထင်သကဲ့သို့ လူငယ်လူကြီးသွေးမကွဲ။ ဆင်းရဲချမ်းသာစိတ်ဝမ်းမကွဲ၊ ရပ်ကွက်အရှေ့ပိုင်းအနောက်ပိုင်းမခွဲခြား။ သူသာသည်၊ ငါနာသည် ကြေးတန်းမတိုက်။ သူအချောင်ခိုသည်၊ ငါလည်း ရေစုန်မျှောမည်ဟုမရှိ။ ရပ်ရွာအတွင်းညီညွတ်ကြသည်။ မိသားစုချင်းစည်းလုံးကြသည်။ အငြင်းအခုံမရှိ၊ ခိုက်ရန်ဒေါသဝေးစွ။ ညီညွတ်ခြင်းက ချမ်းသာခြင်းကို ဖော်ဆောင်နိုင်သော စက်ဝန်းဖြင့် ရှေ့သို့ ရှေ့သို့ လိမ့်သွားလေတော့သည်။

သတင်းခေတ်မို့အနီးအဝေး သတင်းတွေရနေ၏။ သတင်းမှာ အစိတ်အပိုင်းနှစ်ရပ်ပါဝင်၏။

၁။ သတင်းအရင်းအမြစ်နှင့် သူ၏ကိုးစားနိုင်မှု Source of Information and Reliability.

၂။ သတင်းအကြောင်းအရာ၊ အချက်အလက်နှင့် ၎င်း၏ခိုင်လုံမှန်ကန်မှု Validity of Information

အားမနာတမ်းအမှန်အတိုင်း သုံးသပ်ဝေဖန်ရလျှင် မြန်မာနိုင်ငံသားအတော်များများသည် ကိုးစားနိုင်မှုရှိ၊ မရှိ မခွဲခြားတတ်သဖြင့် လေလှိုင်းထဲက ဘေးလူသွေးခွဲသမျှ အဟုတ်ထင်မှတ်မှားခဲ့ကြ၏။ မျက်စိလည် တောမှောက်ကာ ထောင်ချောက်ထဲကျဆင်းခဲ့ရ၏။ သင်ခန်းစာယူစရာ။

ကြားရမြင်ရသော သတင်း၏ ခိုင်လုံမှု၊ မှန်ကန်မှုကိုလည်း မစိစစ်တတ်၊ သတင်းကို စိစစ်ဝေဖန်ပြီး ချင့်ယုံရမည်ဟုမသိ။ ရိုးလွန်းလှသဖြင့် အခဲ့ကြပါ၏။ သူများပြောသမျှယုံသဖြင့် အိမ်ကြက်ချင်းအိုးမဲသုတ်၍ တိုက်သည်ဟုမသိ။ ခွပ်နေခဲ့ကြ၏။ ယခုလည်း ညက်ကြက်လည်းပန်းအောင် လုပ်ဆောင်နေကြောင်း ခုတော့သိမြင်ကြပေပြီ။ အစည်းအဝေးတွေမှာ ထိရောက်လာပါတော့မည်။ မြို့ရွာအသီးသီးမှာ မိမိတို့သည် လုပ်ဆောင်ချက်တွေ ထိရောက်ပါတော့မည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် ဆောင်းရာသီကစိုက်ပျိုးခဲ့သော ကြက်သွန်နီ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး၊ တစ်ဧကလျှင်ပိဿာချိန် ၅၅၁၀ ထွက်ရှိ



**ပွင့်ဖြူ မတ် ၃၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကြက်သွန်နီ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၅၅၁၀ ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ၁၁၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ကြက်သွန်နီ ပိဿာချိန် ၅၅၁၀ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကြက်သွန်နီ ၁၁၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ကြက်သွန်နီ ဈေးကောင်းရရှိဖို့၊ အရည်အသွေးကောင်းအောင် စနစ်တကျသိမ်းဆည်းနိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီစိုက်တောင်သူများကို ကြက်သွန်နီ အထွက်နှုန်းများ တိုးတက်စေရန်နှင့် အရည်အသွေးပြည့်ဝသော သီးနှံများ ထွက်ရှိရေးအတွက် ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စားသုံးသူများ အစားအစာ ဘေးကင်းလုံခြုံစေရန် အော်ဂဲနစ်စိုက်ပျိုးရေး နည်းစနစ်များနှင့် အညီစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ သဘာဝမြေဩဇာနှင့်သဘာဝပိုးသတ်ဆေးများပြုလုပ်သုံးစွဲရေးစသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်သူများအနေဖြင့် ကြက်သွန်နီကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုကိုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ပင်းတယမြို့နယ် ကျောက်ကြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ မတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကူးကော်ကျေးရွာအုပ်စု ကျောက်ကြားကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးအောင်လွင်ဦးက ကျောက်ကြားကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်ရည်ရွယ်၍ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် စီမံကိန်း တာဝန်ခံတို့က အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျောက်ကြားကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောက်ကြားကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ပဉ္စမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၁၈ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်

## ဘဝခရီးဖော်

– သူတို့နှင့်တူ လိုက်ခဲ့မြှူ၍
တူတူလိုက်ရ ကောင်းလေစွဟု
အားကျမြော်တွေး ငါလျှင်ငေးဆဲ
ခြယ်ရေးပန်းချီ ဆေးမမီသည့်
ဝေသီပြာမှိုင်း မိုးတိမ်လှိုင်းဝယ်
ငွေဖျိုင်းဖြူတို့ ကွယ်သတည်း။

– ဖျိုင်းဖြူမခေါ် စောင့်မမျှော်နှင့်
ရေပေါ်ခုန်ကူး ရေအောက်ကူးနှင့်
မြူးထူးလှည့်လေ ဖော်ချင်းဆွေဟု
ငွေငါးတစ်သိုက် ဖိတ်ခေါ်ခိုက်ဝယ်
လိုက်ရလေလား စိတ်ထွေပြားဆဲ
ငွေငါးကလေး ပြဟန်ရေးနှင့်
ထွက်ပြေးရေမှာ ပုန်းသတည်း။

– ခရီးရှည်လမ်း ချင့်မျှော်မှန်းတိုင်း
အနွမ်းဖြေရာ ပြေစိမ့်ငှာလျှင်
ဘယ်ဝါဘယ်သူ လာမကူချေ
မကူနေကြ ပင့်သက်ချလျက်
မိုးဝမမျှော် ရေမမျှော်ဘဲ
မြေပေါ်လမ်းလျှောက် ငါတစ်ယောက်တည်း
လျှောက်၍မကြာ ရှေ့ဆီမှာလျှင်
ရေပြာကမ်းစပ် ဆိုက်ကပ်ထားပေ
တစ်စင်းလှေကို လှေရှင်မဲ့ကင်း
မြင်ရခြင်းကြောင့်
သက်ဆင်းခဏ ငါတွေ့ရသည်
တက်မဆင်သင့် ရွက်ဆင်သင့်။

– လှော်ရွက်ကိုဆင် လှော်တက်ငင်၍
ငါလျှင်လှုပ်ရှား ရှေ့ဆက်သွားသော်
ပန်းပွားပမာ လိပ်ပြာအလား
လှိုင်းဖြူများတို့ ငါ့အားညင်သာ
ခွန်းဆက်လာ၍
တေးတျာချိုအေး သီဆိုပေးသည်
ငြိမ်းအေးရင်မှာ လန်းသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

## နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်နိုင်ငံကို နျူကလီးယားသဘောတူညီချက် မရယူခဲ့ပါက ဗုံးကြဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်

ဝါရှင်တန် မတ် ၃၁

နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် မရယူခဲ့ပါက အီရန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မတ် ၃၀ ရက်တွင် ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

အင်န်ဘီစီသတင်းဌာနနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတ ဒေါ်နယ်ထရန့်က အီရန် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက် မရယူခဲ့ပါက ဗုံးကြဲတိုက်ခိုက်ရလိမ့်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က အင်န်ဘီစီရုပ်သံဌာနသို့ ထုတ်ဖော်ပြောကြားထားသည်။

နျူကလီးယားသဘောတူညီချက်တစ်ရပ် ရယူရေးအတွက် တိုက်ရိုက်ဆွေးနွေးရန် အမေရိကန်နိုင်ငံက တောင်းဆိုထားသော်လည်း ၎င်းတောင်းဆိုချက်ကို အီရန်အစိုးရက ငြင်းပယ်ထားသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးဖိအား၊ စစ်ရေးခြိမ်းခြောက်မှုဖိအားများနှင့် ရင်ဆိုင်နေရချိန်တွင် အမေရိကန်အစိုးရနှင့် တိုက်ရိုက်ဆွေးနွေးမည် မဟုတ်ကြောင်း အီရန်နိုင်ငံက ပြောကြားထားသည်။

၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ သမ္မတရာထူး ပထမသက်တမ်း ထမ်းဆောင်ခဲ့စဉ်က သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်နိုင်ငံကို ၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်မှ ထုတ်ပယ်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## စပိန်ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူ ကိုးဦး ဒဏ်ရာများရရှိ



မက်ဒရစ် မတ် ၃၁

စပိန်နိုင်ငံမြောက်ပိုင်း အက်စတူရီးယားစ်ဒေသ ကျောက်မီးသွေးတွင်း တစ်တွင်း၌ ယနေ့ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ကိုးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ကျောက်မီးသွေးတွင်းထဲ၌ အလုပ်သမားအများအပြား ပိတ်မိနေကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ကျောက်မီးသွေးတွင်းထဲ၌ လူမည်မျှပိတ်မိနေသည်ကို စပိန်တာဝန်ရှိသူများက လက်ရှိအချိန်တွင် ထုတ်ဖော်ပြောကြားနိုင်မှုမရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ကျောက်မီးသွေးတွင်းထဲတွင် ပိတ်မိနေသူများကို ကယ်ထုတ်ရေးအတွက် စပိန်တာဝန်ရှိသူများက စတင်ကြိုးပမ်းနေပြီဖြစ်သည်။

ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိသူများကို ရဟတ်ယာဉ်များဖြင့် နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်စဉ်၏ နောက်ခံအကြောင်းအရင်းကို စပိန်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ထိုင်းနိုင်ငံအတွင်းသို့ ယခုနှစ်ပြည်ပခရီးသွားဦးရေ ၃၈ သန်း ဝင်ရောက်လာနိုင်



ဘန်ကောက် မတ် ၃၁

ပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုနှင့်ရင်ဆိုင်ခဲ့ရသော်လည်း ယခုနှစ်အတွင်း ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည် ၃၈ သန်းအထိ ဝင်ရောက်နိုင်ဆဲဖြစ်ကြောင်း ထိုင်းအစိုးရ ခရီးသွားလာရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပခရီးသည် ၃၈ သန်းထိ ဝင်ရောက်နိုင်ကြောင်း မတ် ၂၈ ရက် မြေငလျင်လှုပ်မှုမဖြစ်ပွားမီကပင် ထိုင်းအစိုးရက ခန့်မှန်းထားသည်။

သို့ရာတွင် မြေငလျင်လှုပ်ခတ်မှုနှင့် ရင်ဆိုင်ခဲ့ရသည့်တိုင် ထိုင်းအစိုးရသို့ ယခုနှစ်အတွင်း လာရောက်မည့် ပြည်ပခရီးသွားဧည့်သည်အရေအတွက်မှာ ခန့်မှန်းထားသည့်အတိုင်း ဆက်ရှိနေနိုင်ကြောင်း ထိုင်းခရီးသွားလာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

မတ် ၂၈ ရက် မြေငလျင်လှုပ်ခတ်မှုမှာ ခရီးသွားလာမှုအပေါ် အကျိုးသက်ရောက်မှု အကန့်အသတ်ရှိပြီး ရေတိုသဘောသာဆောင်လိမ့်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက သုံးသပ်ထားသည်။

မြေငလျင်လှုပ်ခတ်ပြီးနောက် ထိုင်းနိုင်ငံ၌ ဟိုတယ်ခန်းမှတ်ပုံတင်ထားမှုပေါင်း ၁၀၀၀ ကျော်ကိုသာ ခရီးသွားများက ဖျက်သိမ်းထားကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံအတွက် အဓိကဝင်ငွေအရင်းအမြစ် တစ်ခုဖြစ်ကြောင်း သိရသည်။Ref : Xinhua

Trs : KKO

## ယူကရိန်းနိုင်ငံ အရှေ့မြောက်ပိုင်း ခါကစ်ဗ်မြို့ကို ရုရှားတပ်များ ဆက်လက်တိုက်ခိုက်

ကီယက်ဗ် မတ် ၃၁

ရုရှားတပ်များသည် ယူကရိန်းနိုင်ငံအရှေ့မြောက်ပိုင်း ခါကစ်ဗ်မြို့ကို မတ် ၃၀ ရက်တွင် ဒုတိယမြောက်ညအဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။



ရုရှားတပ်များ၏ တိုက်ခိုက်မှုကြောင့် ခါကစ်ဗ်မြို့၌ စက်မှုလုပ်ငန်းအဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားသည်။

ရုရှား၏ လေကြောင်းတိုက်ခိုက်မှုသည်ညလုံးပေါက်နီးပါးကြာမြင့်ခဲ့ပြီး အနည်းဆုံး လူ သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ခါကစ်ဗ်မြို့သည် ယူကရိန်းနိုင်ငံ၏ ဒုတိယအကြီးမားဆုံးမြို့ဖြစ်ပြီး ရုရှားတပ်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် မကြာခဏရင်ဆိုင်နေရသည့် မြို့ဖြစ်သည်။

ခါကစ်ဗ်မြို့ကို တိုက်ခိုက်စဉ် ရုရှားတပ်များက မောင်းသူမဲ့လေယာဉ် ၁၃၁ စင်းနှင့် အစ်ကန်ဒါး-အမ်ဒုံးကျည်နှစ်စင်း အသုံးပြုခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံက စေလွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ် ၁၃၁ စင်းအနက် ၅၇ စင်းကို ပစ်ချနိုင်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရာဖာမြို့မှ ပါလက်စတိုင်းအရပ်သားများ လုံခြုံမှုရှိသောနေရာများသို့ ရွှေ့ပြောင်းထွက်ခွာကြရန် အစ္စရေးစစ်ဘက်ညွှန်ကြားချက်ထုတ်ပြန်

ဂျေရုဆလင် မတ် ၃၁

ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ နယ်မြေအများစုမှ ပါလက်စတိုင်းအရပ်သားများ လုံခြုံမှုရှိသောအခြားနေရာများသို့ရွှေ့ပြောင်းထွက်ခွာကြရန် အစ္စရေးစစ်ဘက်က ယနေ့တွင် ညွှန်ကြားထားကြောင်း သိရသည်။



အရပ်သားများ ရွှေ့ပြောင်းထွက်ခွာရန် ညွှန်ကြားထားမှုသည် မကြာမီကာလအတွင်း ရာဖာမြို့၌ မြေပြင်စစ်ဆင်ရေးတစ်ခု ပြုလုပ်ရန် အစ္စရေးစစ်ဘက်က ပြင်ဆင်နေသည့် လက္ခဏာဖြစ်သည်။

အစ္စရေးနိုင်ငံသည် ယခုလအတွင်း ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုနှင့် ရယူထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အဆုံးသတ်ခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသ၌ ဝေဟင် မြေပြင်စစ်ဆင်ရေးများ ပြန်လည်စတင်ခဲ့သည်။

အစ္စရေးစစ်ဘက်က ယနေ့ထုတ်ပြန်ခဲ့သည့် ဘေးကင်းရာထွက်ခွာရေးညွှန်ကြားချက်တွင် ရာဖာမြို့ တစ်မြို့လုံးနီးပါး အကျုံးဝင်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ဂါဇာစစ်ပွဲဖြစ်ပွားနေစဉ်ကာလ ပြီးခဲ့သည့်နှစ်မေလအတွင်း ရာဖာမြို့ကို အပြင်းအထန် တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

၁၅ လကျော် ကြာမြင့်နေပြီဖြစ်သည့် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား ဂါဇာစစ်ပွဲသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက Steel Dome စနစ်အတွက် ခေတ်မီစစ်လက်နက်ပစ္စည်းများထုတ်လုပ်ရန် ကန်ဒေါ်လာ ၆၁၆ သန်း ရင်းနှီးမြှုပ်နှံ




တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Aselsan သည် တူကီယဲနိုင်ငံ အမျိုးသားလုံခြုံရေး၏ အုတ်မြစ်ဖြစ်သော Steel Dome လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ခေတ်မီအဆင့်မြင့် စစ်လက်နက်ပစ္စည်းကိရိယာများ တီထွင်ထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ ၆၁၆ သန်းထိ ရင်းနှီးမြှုပ်နှံလုပ်ဆောင်နေကြောင်း The Defense Post သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံ စက်မှုနှင့် နည်းပညာဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် Aselsan ကုမ္ပဏီသည် ရေဒါ၊ အာရုံခံကိရိယာ၊ ဗုံးများနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ဆောင်ရွက်ပေးသွားမည် လည်းဖြစ်သည်။ ကနဦးလုပ်ငန်းများတွင် သုတေသန တိုးတက်ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့်ကာကွယ်ရေးအခန်းကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်ကောင်းမွန်စေရေးတို့ပါဝင်ကြောင်း သိရသည်။

များမကြာမီနှစ်များအတွင်း တူကီယဲနိုင်ငံသည် ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားရမှုများလျှော့ချပြီး ပြည်တွင်းထုတ်ကုန်များ တိုးတက်ရေးနှင့် စစ်ဘက်နည်းပညာ ဆန်းသစ်တီထွင်မှုများ ဆက်တိုက်ဆိုသလို ကြိုးပမ်းလုပ်ဆောင်ပြနိုင်ခဲ့ရာ ၎င်းတို့အထဲတွင် တူကီယဲနိုင်ငံ လေပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် Steel Dome သံမဏိအမိုးခုံး လေကြောင်းရန်ကာကွယ်ရေးစနစ် တစ်ရပ်ကို တီထွင် ထုတ်လုပ်ရန်အစီအစဉ် ပါဝင်ကြောင်း သိရသည်။

Steel Dome အစီအစဉ်သည် လေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ အာရုံခံကိရိယာများနှင့် လက်နက်များကို အစ္စရေးနိုင်ငံ Iron Dome ကဲ့သို့ပေါင်းစည်းပြီး အလွှာစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်တစ်ခုအဖြစ် ပေါင်းစပ်အသုံးပြုနိုင်ရန် ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်သည်။ တူကီယဲနိုင်ငံ ပြည်တွင်းကုမ္ပဏီများဖြစ်သော Aselsan ၊ Roketsan၊ MKE တို့က ဦးဆောင်၍ TUBITAK SAGE သုတေသန အင်စတီကျူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ နောက်ဆုံးပေါ် ဉာဏ်ရည်တုနည်းပညာများအသုံးပြု၍ ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်စေရန် ကြိုးပမ်းထားကြောင်း သိရသည်။

မကြာသေးမီ နှစ်များအတွင်း တူကီယဲနိုင်ငံ Aselsan ကုမ္ပဏီသည် တူကီယဲနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များ မြင့်မားကောင်းမွန်စေရန်အတွက် လက်နက်စနစ်၊ ရေဒါစနစ်အမျိုးမျိုးတို့ကို တီထွင်ထုတ်လုပ်လာခဲ့သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း တူကီယဲကုမ္ပဏီ Aselsan သည် ပင်လယ်ပြင်ရှပ်ပြေးပျံသန်းတိုက်ပွဲဝင်နိုင်သော သင်္ဘောဖျက်ဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များ၊ လေယာဉ်များနှင့် ဒရုန်းများကို ထောက်လှမ်း၊ ခြေရာခံ ထိန်းကျောင်း၍ တိုက်ပွဲဝင်နိုင်မည့် Goksur လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်စနစ်ကို ပထမဆုံးအကြိမ် တိုက်ရိုက်စမ်းသပ်ပစ်ခတ်မှု တစ်ရပ် အပြီးသတ် လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Aselsan Secures $616M to Develop Equipment for Turkey's Steel Dome ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အမေရိကန်က Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း၏ ပထမဆုံးအကြိမ် ရဟတ်ယာဉ်မှပစ်လွှတ်ခဲ့မှုကို လုပ်ဆောင်နိုင်ခဲ့



လေကြောင်းရန်ကာကွယ်ရေးအခန်းကဏ္ဍအတွက် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတွင် အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီသည် Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း၏ ပထမဆုံးအကြိမ် ရဟတ်ယာဉ်မှပစ်လွှတ်ခဲ့မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး စစ်ရေးစွမ်းရည်များအတွက် စံနှုန်းသစ်တစ်ရပ်ကို ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသမိုင်းဝင်စမ်းသပ်မှုကို Texas ပြည်နယ် Fort Stockton တပ်မြို့ရှိNine Mile Training Center ဌာနချုပ်တွင် ပြုလုပ်ခဲ့ပြီး Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း၏အသစ်ထွက်ရှိလာသည့်မျိုးကွဲဖြစ်သော Coyote LE SR ဒရုန်းကို ပြသနိုင်ခဲ့သည်။

စမ်းသပ်မှုတွင် အသုံးပြုသည့် ရဟတ်ယာဉ်အမျိုးအစားကို ဖော်ပြခြင်းမရှိသော်လည်း Raytheon ကုမ္ပဏီက ၎င်းအောင်မြင်မှုသည် စစ်မြေပြင်အန္တရာယ်များကို ထောက်လှမ်းဖော်ထုတ်၍ တိုက်ခိုက်နှိမ်နင်းရန် အမေရိကန်တပ်မတော်ကို စွမ်းဆောင်ရည်သစ်များ ပေးစွမ်းနိုင်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

Raytheon ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးက Coyote LE SR ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသစ်ကို ရဟတ်ယာဉ်မှ လွှတ်တင်နိုင်ခဲ့ခြင်းက စွယ်စုံသုံးနိုင်မှုနှင့် မဟာဗျူဟာမြောက် အကျိုးကျေးဇူးများကိုရရှိစေနိုင်ခဲ့သည်ဟု တိကျသော သတင်းအချက်အလက်များ ရှင်းလင်းပြောကြားခဲ့ခြင်းမရှိဘဲ ပြောကြားခဲ့သည်။

Raytheon ကုမ္ပဏီသည် ၎င်းနှစ်နှောင်းပိုင်းတွင် Coyote LE SR ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း၏ လုပ်ငန်းစဉ်အမျိုးမျိုးအတွက် တိုက်ပွဲဝင်ထိရောက်မှုကို အကဲဖြတ်ဆန်းစစ်ရန် နောက်ထပ်စမ်းသပ်မှုများ ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဒီဇိုင်းအသစ်ဖြင့် ပြုပြင်မွမ်းမံထားသော Coyote LE SR ဒရုန်းသည် Raytheon ကုမ္ပဏီ၏စစ်မြေပြင်အတွေ့အကြုံရှိသော Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းအုပ်စုဝင်မှ ဆင်းသက်လာသည့် ဈေးနှုန်းချိုသာ၍ ပြောင်းလွယ်ပြင်လွယ်ရှိသော ကြားဖြတ်တိုက်ခိုက်ရေးစနစ်တစ်ခုဖြစ်သည်။ ၎င်းကို တပ်ဖွဲ့ဝင်များအတွက် အဆက်မပြတ်ပြောင်းလဲတိုးတက်လာနေသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် ကြားဖြတ်တိုက်ခိုက်ရေးလက်နက်တစ်ခုအဖြစ် ဒီဇိုင်းဆွဲထုတ်လုပ်ထားသည်။ အတိအကျတိုက်ခိုက်နိုင်စွမ်းအပြင် ၎င်းသည် ရှာဖွေရေး၊ စောင့်ကြည့်ရေး၊ ပစ်မှတ်ထောက်လှမ်းရေးနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးတာဝန်များကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ပူးပေါင်းလုပ်ဆောင်နိုင်သော အလိုအလျောက်စနစ်ကိုအသုံးပြု၍ Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများကို အစုလိုက် ထိန်းချုပ်ခြင်း သို့မဟုတ် အနီးအနားရှိ အာရုံခံကိရိယာများနှင့် ချိတ်ဆက်၍လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းနိုင်ပြီး စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ Modular Open Systems Approach (MOSA) အပေါ်အခြေခံထားသည့် အာရုံခံကိရိယာများ၊ ဆက်သွယ်ရေးစနစ်များနှင့် လွတ်လပ်စွာ ချိတ်ဆက်အလုပ်လုပ်နိုင်သော ဒီဇိုင်းဖွဲ့စည်းပုံသည် အနာဂတ်နည်းပညာများနှင့် အဆင်ပြေစွာပေါင်းစပ်နိုင်ပြီးလိုအပ်ချက်များနှင့် အံဝင်ခွင်ကျ ဖြစ်စေသည်။

Raytheon ကိုယ်စားလှယ်က ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ Coyote LE SR ကြား ဖြတ်တိုက်ခိုက်ရေးဒရုန်းများကို ရှိပြီးသား စစ်ဘက်ဆိုင်ရာ လက်နက်စနစ်များနှင့် ချိတ်ဆက်မှုများတွင် ထည့်သွင်းနိုင်ရန်ဖြစ်ပြီး လေ့ကျင့်လုပ်ဆောင်ရလွယ်ကူစေရန်ဖြစ်ကြောင်း၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အသီးသီးတွင် တပ်ဆင်အသုံးပြုနိုင်ရန်အတွက် တောင်းဆိုမှုများ ပိုမိုမြင့်တက်လာစေမည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

**Raytheon Conducts First Helicopter Launch of Coyote Drone Interceptor ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့်မိသားစုဝင်များအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများ၊တပ်မတော်သားများနှင့်မိသားစုဝင်များကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကို ဆေးရုံတက်ရောက် ကုသမှုခံယူနေရသူများ၏ ကျန်းမာရေး အခြေအနေများအား မပြတ်စောင့်ကြည့်၍ လိုအပ်သည့် ကုသမှုများ ဆောင်ရွက်ပေးသွားရန်၊ နေရေး၊စားရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

အဆိုပါ နေပြည်တော် တပ်မတော်ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ စုစုပေါင်းဦးရေ ၆၀၀ နီးပါးခန့်အား လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အရေးပေါ်ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သူဦးရေ ၃၀ ကို အရေးပေါ်ခွဲစိတ်ကုသ ပေးနိုင်ခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့်မိသားစုဝင်များ စုစုပေါင်း ၄၂ ဦးကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



# မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား





နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်တွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့မှုများနှင့်ပတ်သက်၍ အကူအညီများပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ဦးစွာ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်က အဆွေတော်တို့နိုင်ငံတွင် ပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခံစားခဲ့ရမှုများနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် များစွာဝမ်းနည်းမိပါကြောင်းနှင့် မြန်မာပြည်သူများနှင့်အတူ ထပ်တူခံစားမိပါကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုအပ်ပါကြောင်း၊ မကြာမီအချိန်အတွင်း ပါကစ္စတန်အစိုးရနှင့် ပါကစ္စတန်ပြည်သူများက မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်း ၃၅ တန်အား လေယာဉ်ခရီးစဉ်နှစ်ခုဖြင့် ပေးပို့သွားမည်ဖြစ်ပြီး ဆက်လက်၍လည်း ကယ်ဆယ်ရေးပစ္စည်း ၁၇ တန်ကိုလည်း ဆက်လက်ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ပါကစ္စတန်အစိုးရအနေဖြင့် အဆွေတော်တို့နိုင်ငံအတွက် ထပ်မံလိုအပ်သည့် အကူအညီများရှိပါက ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်တို့နိုင်ငံအနေဖြင့် ယခုကြုံတွေ့နေရသော ခက်ခဲသည့်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပါစေရန် ဆုမွန်တောင်းပါကြောင်း၊ နှစ်နိုင်ငံသည် အတူတကွပူးပေါင်း၍ ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ထူထောင်ထားသည့်နိုင်ငံများဖြစ်ကြပြီး နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံမြှင့်တင်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေနိုင်ငံတစ်နိုင်ငံမှ ဆက်သွယ်၍ အားပေးစကားပြောကြားပေးခြင်းနှင့် အကူအညီများပေးအပ်သွားမည့်အပေါ်တွင်လည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အခွင့်အလမ်းများအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ယခုကဲ့သို့ တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု၊ ပါကစ္စတန်ပြည်သူများ၏ ဝမ်းနည်းကြောင်းဖော်ပြမှုနှင့် ပါကစ္စတန်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုများအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ကြောင်း၊ အဆွေတော်တို့နိုင်ငံ၏ ယခုကဲ့သို့ အဖိုးတန်လှသည့် ပြောဆိုဆက်သွယ်မှုနှင့် ကူညီမှုများအပေါ် မိမိအနေဖြင့် တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ယနေ့ နေ့လယ်အထိ သေဆုံးသူ ၂၀၆၅ ဦးရှိပြီး ဒဏ်ရာရရှိသူ ၃၉၀၀ ကျော်ခန့်ရှိကာ ပျောက်ဆုံးသူ ၂၇၀ ခန့်ရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုဖြစ်ပွားသည့် ၂၈ ရက်နေ့သည် သောကြာနေ့ဖြစ်သဖြင့် အစ္စလာမ်ဘာသာအရ ဝတ်ပြုဆုတောင်းသည့်နေ့ဖြစ်သောကြောင့် အချို့ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုကွန်ရက်များတွင် ဖော်ပြလျက်ရှိသည့် ဗလီများတွင် ဝတ်ပြုဆုတောင်းနေသည့် အစ္စလာမ်ဘာသာဝင် ၇၀၀ ခန့် သေဆုံးသည်ဆိုသည်မှာ မှန်ကန်မှုမရှိပါကြောင်း၊ ၅၀၀ ပတ်ဝန်းကျင်ခန့်ရှိပါကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် သေဆုံးသူများ၏ ရုပ်အလောင်းများကိုလည်း ဖော်ထုတ်ရရှိပြီးဖြစ်ပြီး ဆက်လက်၍လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့ အဆွေတော်အနေဖြင့် သေဆုံးဒဏ်ရာရရှိမှုများနှင့်ပတ်သက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် မိမိတို့၏ ရင်ထဲအသည်းထဲမှ လှိုက်လှဲစွာ အသိအမှတ်ပြုပါကြောင်း၊ ထိခိုက်ခံစားရသည့် ပြည်သူများအနေဖြင့်လည်း အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေးအတွက် မိမိတို့ဘုရားရှင်ထံတွင် ဆုတောင်းပါကြောင်း၊ အဆွေတော်တို့အနေဖြင့် ခက်ခဲနေသည့်အခြေအနေမျိုးတွင် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် မိမိအနေဖြင့် အသိအမှတ်ပြုသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်တို့အနေဖြင့် ထပ်မံလိုအပ်လာနိုင်သည့် အကူအညီများနှင့်ပတ်သက်၍လည်း မိမိတို့ထံ အချိန်မရွေးဆက်သွယ်ပြောကြားနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံမှပေးပို့ထားသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများနှင့် အသင့်စားအစာအစာများ အဆွေတော်တို့နိုင်ငံသို့ ၂၄ နာရီအတွင်းရောက်ရှိအောင် မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်ထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော်နှင့် ပါကစ္စတန်ပြည်သူများအနေဖြင့် စာနာထောက်ထားမှုများပေးပို့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဒဏ်ခံရသည့် ပြည်သူများအတွက် အထောက်အကူပြုပစ္စည်းများ ပေးပို့သည့်အတွက် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆက်သွယ်အားပေးစကားပြောကြားမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၁

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် အင်အားပြင်းငလျင်ဒဏ်သင့်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့ရသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် ဘူးကွဲအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိအိမ်ရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ ဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရေးတို့အတွက် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ချဉ်ပေါင်ကြော်ထုပ်များ ဒုတိယအကြိမ်ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing speaks by phone with Pakistan's Prime Minister H.E. Mr. Mian Muhammad Shahbaz Sharif over severe earthquake that hit Myanmar



Senior General Min Aung Hlaing speaking by phone with Pakistan's Prime Minister H.E. Mr. Mian Muhammad Shahbaz Sharif over severe earthquake that hit Myanmar.

**Nay Pyi Taw March 31**

Regarding the severe earthquake that struck Myanmar on March 28, causing significant damage and losses within the country, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing spoke by phone this evening with Prime Minister of Pakistan H.E. Mr. Mian Muhammad Shahbaz Sharif to discuss potential assistance.

During the conversation, the Pakistani Prime Minister first expressed deep sorrow over the devastating earthquake in Myanmar, stating that he and the people of Pakistan share in the grief of the Myanmar people. He conveyed his wishes for a swift recovery and reconstruction in Myanmar. He further announced that the Pakistani government and its people would soon send 35 tons of humanitarian aid via two flights, followed by an additional 17 tons of relief supplies. He assured that Pakistan stands ready to provide further assistance if needed and prayed for Myanmar to overcome this difficult period. He emphasized the strong, friendly relations between the two nations and expressed a desire to enhance future cooperation.

In response, the Chairman of the State Administration Council Prime Minister expressed gratitude for the supportive call and pledged assistance from a friendly nation. He affirmed that Myanmar would continue bilateral cooperation based on opportunities. He also thanked Pakistan for its condolences, humanitarian aid, and relief supplies. The Senior General noted that, as of today, the earthquake had resulted in 2,065 fatalities, over 3,900 injuries, and around 270 missing persons. He clarified that while Friday (March 28) is a day of worship in Islam, reports of 700 worshippers dying in mosques were inaccurate, with the actual number being around 100. Rescue operations are ongoing, with bodies recovered and search efforts continuing.

The Pakistani Prime Minister acknowledged Myanmar's continuous rescue efforts and prayed for the swift recovery of the affected people. He commended Myanmar's response to the crisis and assured that Pakistan remains ready to provide further assistance if needed. He confirmed that the relief supplies, medicines, and ready-to-eat food sent by Pakistan would reach Myanmar within 24 hours.

In closing, the Chairman of the State Administration Council Prime Minister reiterated his gratitude for Pakistan's compassion and support. He emphasized the strong friendship between the two nations and pledged to further enhance cooperation. He also expressed appreciation for the supportive communication.

100

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing extends sympathy to people, government employees, Tatmadaw personnel, families hit by earthquake



Senior General Min Aung Hlaing presents cash assistance to an injured quake victim.



Senior General Min Aung Hlaing comforts an injured quake victim.

**Nay Pyi Taw March 31**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by senior military officers from the Office of the Commander-in-Chief of Defence Services, inspected medical services provided to people, government employees, Tatmadaw personnel and families who were injured during the recent earthquake at the injury and osteology ward of the Defence Services Hospital in Nay Pyi Taw this morning.

The Senior General extended sympathy to people, government employees, Tatmadaw personnel and family members hit by the earthquake one by one and asked about their recovery warmly before providing cash assistance.

Then, the Senior General gave instructions on taking care of patients and food and accommodation for them, administrative affairs and

*See Page 11*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects rescue, relief and rehabilitation programs for earthquake victims




Senior General Min Aung Hlaing inspects Nay Pyi Taw Sports Ground of Sports and Physical Education Department.

**Nay Pyi Taw March 31**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspected ways to carry out rescue, relief and rehabilitation undertakings for earthquake victims in Nay Pyi Taw Council Area this afternoon and pointed out the essential means for work facilitation.

First, the Senior General and party inspected the work of repairing earthquake-hit roads and bridges in Nay Pyi Taw Council Area for temporary use in a motorcade.

They arrived at the Paunglaung People's Sports Stadium in Pyinmana Township and inquired about accommodation, water and electricity supply, toilet availability. The Senior General told officials to open a temporary hospital and clinic in the stadium for treating earthquake victims in the township, station mobile hospitals and clinics, provide temporary tents and mobile toilets, and set up accommodations for the victims of other damaged civil servant housings at the nearest sports grounds and fulfilled the requirements of other areas.

The Senior General party went to Nay Pyi Taw Sports Ground of Sports and Physical Education Department, the Ministry of Sports and Youth Affairs, at Shwekyabin Ward, in Union Territory, and asked for information about accommodation, water and power supply, and toilet availability. Afterwards, they visited patients individually at the temporary hospital run by the Ministry of Health at an indoor stadium and warmly asked after their injuries caused by the earthquake shocks and health improvement and gave words of encouragement.

During the inspection tour, the Senior General urged officials to ensure water and electricity and proper administration functions for the convenience of patients and their families, send military mobile operation theatres and medics, arrange bases for foreign medical teams and to jointly provide medical treatment with them. 100



Senior General Min Aung Hlaing inspects situation of the sports ground.



Senior General Min Aung Hlaing inspects round a building.

*From Page 10*

others to the director of the Directorate of Medical Services and other officers.

The Nay Pyi Taw Defence Services Hospital has provided medical services to about 600 patients including people, government employees, Tatmadaw personnel and family members injured by the earthquake and conducted emergency surgery operations on 30 patients. Currently, the hospital is providing healthcare services to 42 people, government employees, Tatmadaw personnel and family members. 100



Senior General Min Aung Hlaing presents cash assistance to an injured victim.

# National Natural Disaster Management Committee Chairman Vice Chairman of State Administration Council Vice-Senior General Soe Win inspects earthquake-hit areas in Shan State (South), gives necessary instructions


Vice-Senior General Soe Win inspects a quake-affected site.

**Nay Pyi Taw March 31**

As a powerful earthquake and aftershocks hit Sagaing Region, Mandalay Region, Magway Region, northeastern Shan State, Nay Pyi Taw Council Area and Bago Region on 28 March, destroying roads, bridges and buildings and killing and injuring people, search and rescue operations are being launched in respective states and regions.

Chairman of the National Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior Soe Win , accompanied by senior military officers from the Office of the Commander-in-Chief of Defence Services, deputy ministers and officials, visited Aungban and Nyaungshwe in Shan State (South), inspected damage and extended sympathy to residents.

First, the Vice-Senior General and party arrived at Aung Ban and were greeted by the commander of the Northeastern Command and officers.

Then, the Vice-Senior General and party inspected the relief and rescue operations with the use of heavy machinery at the Hotel Aung Ban, which was destroyed by the earthquake and gave necessary instructions to member of the Myanmar Engineering Council U Myo Myint, who was on a business trip to the township, and rescue teams and officials.

Then, the Vice-Senior General and party inspected the damage of the three storey buildings of the Sasana Hitakayi Monastery and gave necessary instructions on urgent reconstruction of the building to facilitate the study of learner monks by engineers, designation of hazard zone near damaged buildings and other necessary issues.

Then, the Vice-Senior General and party paid obeisance to Presiding Sayadaw of the monastery Bhaddanta Pyinnya Vamsa and discussed matters related to repairing damaged buildings in the monastery as soon as possible, arrangements of food and betel nuts for monks and religious affairs before offering alms and cash donations to the Sayadaw. then, the Vice-Senior General and party inspected the Pitika Gonye monastery and other religious buildings in the compound, the endurance of buildings in the monastery and gave necessary instructions to responsible officials. It was learnt that 375 monks are studying in the monastery.


Vice-Senior General Soe Win provides foodstuffs for quake victims.

The Vice-Senior General and party visited the 28 civilians who were injured during the earthquake at the Aung Ban Defence Services Hospital and asked about their recovery warmly one by one before offering foodstuff to them. Then the Vice-Senior General inspected the drilling of a tube well for patients and local residents by Kanbawza Alin Organization for clean drinking water near the hospital before presenting cash assistance for the drilling team.

Then, the Vice-Senior General and party proceeded to Inlay by helicopter and boat and inspected damage due to the earthquake.

First, the Vice-Senior General and his delegation arrived at Kaylar Village in Nyaungshwe Township, where they conducted a boat tour to assess the damage caused by the earthquake. He then met with earthquake victims at the village monastery, where he explained that his visit was aimed at assessing the situation to facilitate necessary rescue, relief, and reconstruction efforts under the guidance of the Prime Minister. He further explained that the rehabilitation efforts would begin with clearing debris from existing housing structures. The process would be carried out step by step, including assessing the structural integrity of damaged residential and religious buildings, determining which ones can be repaired, demolishing those beyond repair, and swiftly restoring buildings with minimal damage. He also addressed food and nutrition concerns, stating that basic food supplies and clean drinking water would be distributed. Additionally, the State Rural and Cooperatives Department would deploy mobile water purification vehicles at the Nampan Marina Hotel Zone to ensure access to safe drinking water. He also outlined the conditions for the continued distribution of international aid, the procedures for the National Disaster Management Committee in providing assistance and funds, and the plans to expedite the reopening of monasteries, schools, and clinics as soon as possible. He emphasized that when damage inventory teams arrive to conduct assessments, complete and accurate information must be provided. Additionally, he outlined the conditions under which local residents would participate in the reconstruction efforts and contribute to other necessary assistance.Additionally, he outlined the conditions under which local residents would participate in the


Vice-Senior General Soe Win encourages quake victims.

reconstruction efforts and assist with other necessary tasks. He then coordinated and addressed the needs of the local residents based on their submissions, offering them warm greetings and words of encouragement. He then visited and inspected the condition of the five 4-room apartment buildings (120 feet x 30 feet) at Kaylar Village Basic Education High School (Sub-division), which had collapsed due to the earthquake. He then coordinates and implements efforts to improve school facilities and learning conditions by the 2025-2026 academic year, working with the principal, *See Page 13*


Vice-Senior General Soe Win comforts a patient.

*From Page 12*

officials, and engineers.

The Vice-Senior General and members next visited the earthquake-damaged monastery in Zayat Gyi Village, where they inspected the relief efforts being carried out by local military personnel, members of the Myanmar Police Force, and firefighters. He then offered alms and nine-karma donations to the monastery's abbot, Bhaddanta Sussadana. Additionally, he presented food and honorariums to the relief and rescue personnel.

The Vice-Senior General and members then visited the Inle Phaungdaw Oo Pagoda at the Yadanar San Monastery, where they offered flowers, water, and golden robes. They paid homage to Sayadaw Bhaddanta Wizaya and presented offerings and donations. He then inspected the condition of the sun-shielding stone slabs in the pagoda's courtyard, which had been cracked and damaged by the earthquake. He also assessed the collapsed and damaged gates, stairs, Karaweik Pagoda, and other religious buildings. Additionally, he observed the machinery being used to improve the waterways and manage the silt in the surrounding lands, ensuring the long-term sustainability of Inle Lake and promoting a greener environment. He then urged that the collapsed religious buildings be repaired as soon as possible, ensuring their original appearance is preserved. This should be done in consultation with local state engineers and experts from the Myanmar Engineering Society. He instructed officials to implement repairs and other necessary measures promptly to ensure that pilgrims can visit safely. He then visited local military personnel, Myanmar Police officers, and firefighters to assess the ongoing relief efforts, providing them with food and honorariums.

Based on preliminary inspections of the great temple of Inlay Phaung Taw Oo, where the Buddha sojourned, by engineers, officials from the State Irrigation Department, and geologists from the State Department of Natural Resources and Environmental Conservation, the stability of the main building of the temple is considered to be sound. It was noted that the area where the main staircase meets the main building on the north side has suffered slight damage. However, the remaining areas on the east, west, and south sides of the staircase and temple building were not originally connected, resulting in a gap of 3 to 6 inches.

It has been learned that there are cost-effective and efficient methods to address the situation. The details of the repair work will be discussed by state-level Disaster Management Committee (DMC) members and experts, under the leadership of the state Chief Minister, and will be implemented as soon as possible.

The Vice-Senior General and members visited Nanpan-Inlay People's Hospital in Nyaungshwe Township, where they were welcomed by hospital officials. They checked on 18 earthquake-injured civilians, inquired about their recovery, provided financial aid, and coordinated further assistance.

Then, the Vice-Senior General and members met with state-level disaster management organizations at the Eastern Command's reception hall.

The Vice-Senior General said the meeting was held to learn about the policies set by the Prime Minister regarding the earthquake, to review the findings of this visit, and to formulate future plans. On March 28, at 12:51:02 PM local time, the earthquake measuring 7.7 on the Richter scale struck about 20 kilometers northeast of Mandalay, about 21 kilometers northeast of the Mandalay Seismological Center. The epicenter was very close, 10 kilometers below the ground, so it was very strong. As a result, a lot of damage was caused in Mandalay and Sagaing. The Prime Minister has given the following priority: first, to clear away all the debris that was damaged by the earthquake as soon as possible; second, to safely and systematically demolish buildings that are currently in danger of being destroyed; third, in carrying out rehabilitation activities, the construction sector should learn from the earthquake damage and systematically carry out earthquake-resistant construction activities only after conducting ground inspections to ensure that roads, bridges, office buildings, and high-rise buildings are earthquake-resistant. Private buildings that are not suitable for continued use should be demolished after consultation and systematically destroyed, and that government offices that are no longer suitable for continued use should be completely demolished. In our country, due to natural disasters such as annual floods, storms, and earthquakes, the progress of the national development projects that the government must undertake is being delayed. However, since it is a natural disaster and cannot be prevented in any way, the Vice-Senior General strongly urges the public to work together with relevant organizations and departments to carry out reconstruction work in the event of damage.

The Vice-Senior General highlighted that much of the damage in Aungban town, including high-rise buildings, resulted not from complete destruction but from tilting and partial sinking. The Vice-Senior General noted that last year's Typhoon Yagi had already weakened the soil, exacerbating the impact of the recent earthquake. The Vice-Senior General emphasized the need to learn from these incidents for future reconstruction efforts. Regarding the Inle area, the Vice-Senior General pointed out that houses built on wooden poles over water lacked solid foundations, leading to tilting over time. When the earthquake struck, many structures collapsed into the water, causing numerous drownings. Unlike buildings on land, where rescue operations could retrieve the injured, water-based structures made rescues more difficult. In Shan State, the disaster destroyed 18 pagodas, three monasteries and nunneries, one bridge, and 157 residential buildings, resulting in 65 deaths and 73 injuries. The Vice-Senior General expressed deep sorrow over the loss of human lives, emphasizing that while buildings can be rebuilt, human resources are an irreplaceable loss for the country's future. To minimize losses in future disasters, the Vice-Senior General urged collaborative efforts to ensure safer construction practices. In flood-prone areas, he stressed the importance of consulting with local residents and helping them build structures with balanced strength of the ground and weight distribution and strong foundations to withstand natural disasters.

The State-level Disaster Management Committee has been formed with various committees such as search and rescue, census, rehabilitation, education, and health, but especially in carrying out the census work, it would be more convenient to recruit and assign staff from other regions that are free from natural disasters rather than assigning staff from the earthquake-affected areas to the relevant departments. The Prime Minister has also directed the officials to select and submit land for the construction of hospitals for the local people in Kayla Village Tract and Nanpan Village Tract, where the incident occurred. Arrangements will be made to open a temporary hospital at Kayla Monastery. In addition, a special mobile medical team with specialists from Sao San Tun General Hospital and Tatmadaw Hospital No.2/700 will be sent from April 1. The death toll from the earthquake has reached over 2,000 nationwide. The Prime Minister has invited neighboring countries and ASEAN countries to provide disaster relief assistance, and foreign countries have been actively involved in relief efforts. Therefore, it is a matter of joy and gratitude to see that neighboring countries are providing humanitarian assistance to our country.

Therefore, in order to provide immediate relief to the people of Inle Lake, who are currently suffering from natural disasters, we urge them to work together with the leadership of the State DMC to actively participate in rehabilitation and morale-boosting activities.

The attendees discussed regional damage and losses, necessary measures, and support for earthquake-affected communities. Key topics included temporary shelters, access to drinking water and electricity, distribution of basic food and DMC subsidies, swift reconstruction of schools, hospitals, and clinics, as well as tourist safety and security concerns. The Vice-Senior General coordinated the necessary arrangements.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# World leaders extend condolences to SAC Chair PM Senior General Min Aung Hlaing

Leaders and Heads of four countries sent messages of condolence to State Administration Council Chairman Prime Minister Senior General Min Aung Hlaing expressing deep condolences over the loss of lives, damages and injuries after a 7.7 magnitude earthquake hit central Myanmar on 28 March.

President of the People's Republic of China Xi Jinping, Chinese Premier Li Qiang, King of Cambodia Preah Bat Samdech Preach Norodom Sihamoni, Speaker of Cambodia Senate Hluttaw Samdech Akka Moha Sena Padei Techo Hun Sen, Cambodian Prime Minister Hun Manet, Salton of Brunie Hassanal Bolkiah Muiz'zaddin Wad'daulah, President Daniel Ortega Saavedra and Vice-President Rosario Murillo of Nicaragua sent messages of condolence to State Administration Council Chairman Prime Minister Senior General Min Aung Hlaing.

The messages said they were shocked and saddened to learn of the strong earthquake in Myanmar, which caused heavy casualties and property losses. They mourned the deaths and extended sincere condolences to the bereaved families, the injured and the people affected by the quake. They are also ready to provide assistance to Myanmar and support Myanmar people to overcome the disasters and rebuild as quickly as possible. They also believe that the Myanmar people in the quake zone can overcome the disasters and establish a fine social community as quickly as possible under the firm leadership of the Myanmar government. Those who participate in recuse works should be appreciated, and may all the deceased rest in peace and those injured recover quickly. They also stand with Myanmar people during such a period.

100

**Senior General Min Aung Hlaing**
**State Administration Council Chairman and**
**Prime Minister**
**Republic of the Union of Myanmar**
**Nay Pyi Taw**

I was shocked to learn of the strong earthquake in Myanmar, which caused heavy casualties and property losses. On behalf of the government of the People's Republic of China and the people, I mourn the deaths and extend sincere condolences to the bereaved families, the injured and the people affected by the quake. China and Myanmar are a community of shared future sharing weal and woe, and the two peoples enjoy a profound fraternal friendship. China is ready to assist, and support efforts to overcome the disaster and rebuild homes at an early date.

**Xi Jinping**
**President**
**People's Republic of China**

**Senior General Min Aung Hlaing**
**State Administration Council Chairman and**
**Prime Minister**
**Republic of the Union of Myanmar**
**Nay Pyi Taw**

**Distinguished Prime Minister,**

I would like to say that I am shocked and saddened to learn that Myanmar has been affected by a severe earthquake, and the lives and properties of Myanmar have been destroyed. On behalf of the Chinese government, we express our deepest condolences over the loss of lives and comforted their families in the quake zone.

We also believe that the Myanmar people in the quake zone can overcome the disasters and establish a fine social community as quickly as possible under the strong and firm leadership of the Myanmar government.

**Li Qiang**
**Chinese Premier**
**29 March 2025**

**Your Excellency**
**Senior General Min Aung Hlaing**
**Prime Minister**
**Chairman of the State Administration Council of the Republic of the Union of Myanmar**
**Nay Pyi Taw**

**Brother Prime Minister:**

We are dismayed to hear about the disaster that occurred in Mandalay, Myanmar, this morning Nicaragua time, and midday in Myanmar, with an initial toll of nearly 200 people dead and more than 700 injured.

Familiar with this type of tragic event and the suffering, pain, and material losses is causes to our peoples, we extend best wishes for your people to turn into normalcy.

Nicaragua thanks and recognizes your government and Myanmar people.

**Daniel Ortega Saavedra** **Rosario Murillo**

**BISMILLAAHIR RAHMAANIR RAHEEM**
**29 March 2025**
**His Excellency**
**Senior General Min Aung Hlaing**
**Chairman of the State Administration Council**
**Republic of the Union of Myanmar**

Your Excellency,

It is with great sadness that I learned of the loss of lives and widespread destruction resulting from the recent earthquake in Myanmar.

The Government and people of Brunel Darussalam join me in expressing our deepest condolences to you, the people of the Republic of the Union of Myanmar, particularly the bereaved families and communities affected by this disaster.

With my deepest sympathies.

**Sultan Haji Hassanal Bolkiah**
**of Brunei**

**Norodom Sihamoni, King of Cambodia To**
**Senior General Min Aung Hlaing**
**Chairman of the State Administration Council**
**Prime Minister of the Republic of the Union of Myanmar**

Mr Chairman,

On behalf of the people of the Kingdom of Cambodia, I convey to Your Excellency and the people of the Republic of the Union of Myanmar, and particularly to the families of the victims, our deepest sympathy and sincere condolences for the loss of lives and injuries to many people during a powerful earthquake that struck central Myanmar.

We share in the grief and join in the prayers of the citizens of the Republic of the Union Myanmar. May the citizens rest in peace. We also wish a speedy recovery to all the wounded persons.

The courageous rescue efforts in the affected areas are laudable.

With heartfelt compassion,

Beijing,29 March 2025

**Samdech Akka Mohn Seng Padel Techo Hun Sen**
**Acting Head of State of the Kingdom of Cambodia**
**Phnom Penh, 29 March 2025**
**HE Senior General Min Aung Hlaing**
**Chairman of the State Administration Council**
**Republic of the Union of Myanmar**
**Nay Pyi Taw**

Excellency,

I am deeply saddened after learning about the devastation, including the loss of lives, injuries, severe damage to the property as well as infrastructure, and the evacuation of many families caused by the catastrophic earthquake, impacting mainly the Mandalay region of the Republic of the Union of Myanmar.

In this very difficult time, on behalf of the people of the Kingdom of Cambodia, I wish to extend my heartfelt condolences and sympathy to you and, through you, to the families and communities, the Government, and the people of the Republic of the Union of Myanmar for these losses. May the deceased rest in peace, and I wish for the swift and complete recovery of those injured and affected by this terrible disaster.

Please accept, Your Excellency, the renewed assurances of my highest consideration.

**Hun Sen**

See Page 15

# Declaration of the day of national morning

In recognition, sympathy and empathy for the loss of life and damages caused by a massive 7.7 magnitude earthquake that jolted at 12 hours 51 minutes 02 seconds Myanmar standard time on March 28, I hereby announce a week-long National Day of Mourning from 31-3-2025 to 6-4-2025. The national flag will be flown at half-mast during the days.

**Min Aung Hlaing**
**Senior General**
**Chairman**
**State Administration Council**

From Page 14

**Samdech Moha Borvor Thipadei Hun Manet**
**Prime Minister of the Kingdom of Cambodia**
**Phnom Penh 29 March 2025**
**His Excellency Min Aung Hlaing**
**Chairman of State Administration Council**
**Republic of the Union of Myanmar**
**Nay Pyi Taw**

Your Excellency,

I am profoundly saddened to hear about the devastating earthquake that struck central Myanmar on the afternoon of 28 March 2025, resulting in the tragic loss of lives, injuries, and widespread property damage.

On behalf of the Government and the people of the Kingdom of Cambodia, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, the Government, and the people of Myanmar, especially to the bereaved families and all those affected by this unfortunate natural disaster. Our thoughts and prayers are with the victims, and we hope for the swift recovery of those injured.

Cambodia stands in unwavering solidarity with the people of Myanmar during this challenging time. I am confident that, under your wise leadership, Myanmar will overcome this calamity and emerge stronger.

Please accept, Your Excellency, the renewed assurances of my highest consideration.

**Hun Manet**

# Announcement about the observance of National Day of Mourning on national scale

**Nay Pyi Taw March 31**

1. In recognition and sympathy for the loss of life and damages caused by a massive 7.7 magnitude earthquake that jolted at 12 hours 51 minutes 02 seconds Myanmar standard time on March 28, the Chairman of the State Administration Council has already announced a week-long National Day of Mourning from 31-3-2025 to 6-4-2025.

2. The national mourning day movement will be launched at 12 hours 51 minutes 02 seconds Myanmar standard time on 1 April 2025 in the whole nation as follows:

(a) As a symbol of national mourning, the national flag will be flown at half-mast and a one-minute silence will be observed in front of the flagpole or a suitable place or at the ceremonies as a show of tribute.

(b) Every person in motion will have to stand still and silently bow to pay tribute

(c) At the time there will be a siren as an indication of grief and respect

(d) At that moment, all media must temporarily stop their regular broadcasting programs and air the Loga symbolizing grief

(e) People will have to dispense metta, recite religious verses, say prayers, and share merits according to their own religious belief at the pagodas or temples.

3. As the National Day of Mourning will be observed on a national scale according to the abovementioned program, the entire people are requested to participate in the activity.

**Information Team**
**State Administration Council**

# The statement expresses recognition and gratitude for the efforts of rescue teams and the acknowledgment of the sorrow felt in response to the earthquake disaster that is being experienced in Myanmar

**Nay Pyi Taw March 31**

Myanmar people suffered significant loss of life and loss and damage in destruction in a very powerful earthquake with a magnitude of 7.7 Richter scale struck at 12:51:02 pm Myanmar Standard Time on 28 March 2025, causing for the people and citizens of Myanmar.

Foreign countries sent rescue and relief teams on the humanitarian ground, with the support and compassion, helped provide rescue efforts alongside Myanmar's own rescue teams to assist in the aftermath of the severe and rare natural disasters faced by the country. They also delivered much-needed relief supplies. The international teams, together with Myanmar's rescue teams and volunteers, are working tirelessly in the rescue operations, successfully saving those who were trapped and alive.

Heads of State from international community, officials, well-known sports federations and football clubs, eminent persons and organizations sent messages of condolences, expressing their shared sorrow. They have also observed a moment of silence before the start of sports events, conveyed their condolences, and expressed wishes for successfully overcoming the challenges and natural disasters that Myanmar is facing.

Similarly, the rescue teams, Tatmadaw members, Myanmar Police Force members, volunteers, organizations, and responsible citizens from Myanmar are working together in unity under the leadership of the government in rescue operations. With collective strength, they are confronting the natural disasters that they are facing with determination and trust, helping one another and overcoming the difficulties together.

The State Administration Council and the Government of the Republic of the Union of Myanmar express heartfelt gratitude for the emergency assistance provided in response to the natural disaster caused by the earthquake in Myanmar and also acknowledges the voluntary efforts of rescue teams, volunteers, and the general public, all of whom have contributed to the rescue operations with the actions in the dispatch of rescue teams and medical treatment teams, the delivery of rescue and relief materials, the sending of condolence letters, the recognition of humanitarian efforts, and the writing of encouraging messages.

**Information Team**
**State Administration Council**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းအားကစားကွင်းအား လူနေထိုင်နိုင်မှု၊ ရေ မီးရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် မြို့တွင်းလမ်းများ ထိခိုက်ပျက်စီးခဲ့မှုကို ယာယီသွားလာနိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်းအားကစားကွင်းသို့ရောက်ရှိပြီး လူနေထိုင်နိုင်မှု၊ ရေ မီးရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှု အခြေအနေများကို မေးမြန်းကာ တာဝန်ရှိသူများအား ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့ရသူများကို ယခုအားကစားကွင်းဧရိယာအတွင်း၌ ဆေးဝါးကုသမှုဆောင်ရွက်ပေးနိုင်ရေးယာယီဆေးရုံနှင့်ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးသွားရန် လိုကြောင်း၊ ရွှေ့လျားဆေးရုံနှင့် ရွှေ့လျားခွဲစိတ်ကုသမှုယာဉ်များကိုလည်းထားရှိပေးရန်လိုကြောင်း၊ ရေ၊မီးကိစ္စရပ်များ အဆင်ပြေစေရေးတို့အပြင် ယာယီတဲများထုတ်ပေးခြင်း၊ရွှေ့လျားသန့်စင်ခန်းများထားရှိပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အခြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ထပ်မံရောက်ရှိ

နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့်ပြင်းထန်မြေငလျင်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ယင်းဒေသများမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ တင်ဆောင်လာသည့် Air China လေကြောင်းမှ လေယာဉ်သည် ပေကျင်းလေဆိပ်မှ ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိလာသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ထပ်မံရောက်ရှိစဉ်။

အဆိုပါလေယာဉ်ဖြင့် ရွက်ဖျင်တဲများ၊ ဆေးပစ္စည်းများ၊စောင်၊အိပ်ရာခင်း၊ခြင်ထောင်နှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ ၈၇၁၇၅ Kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mrs. Ma Jia နှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတို့က လက်ခံကြိုဆိုခဲ့ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးပစ္စည်းများကို လွှဲပြောင်းလက်ခံကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော်အားကစားကွင်းတွင် လူနေထိုင်နိုင်မှု၊ ရေ၊ မီးရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော်အားကစားကွင်း မိုးလုံလေလုံအားကစားရုံအတွင်း ယာယီဆေးရုံ၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား တစ်ဦးချင်းရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ဝန်ထမ်းအိမ်ရာအသီးသီး၌လည်း နီးစပ်ရာအားကစားကွင်းနေရာများ၌ ယာယီနေထိုင်နိုင်ရန်နေရာများကိုဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေကြာပင်ရပ်ကွက်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားကွင်းသို့ရောက်ရှိကြပြီး လူနေထိုင်နိုင်မှု၊ ရေ၊ မီးရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှုအခြေအနေများကို မေးမြန်းသည်။ ယင်းနောက် မိုးလုံလေလုံအားကစားရုံအတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးထားသည့်ယာယီဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားသည်။

ထိုသို့လိုက်လံကြည့်ရှုစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများနှင့် မိသားစုဝင်များ ရေမီးနှင့်အုပ်ချုပ်မှုကိစ္စရပ်များအဆင်ပြေစေရေးဆောင်ရွက်ပေးသွားရန်၊ တပ်မတော်မှ ရွှေ့လျားခွဲစိတ်ကုသယာဉ်နှင့် ဆေးမှူးများကိုလည်း စေလွှတ်ကူညီဆောင်ရွက်သွားရန်၊ ပြည်ပနိုင်ငံများမှလာရောက်ကူညီပေးသည့် ဆေးအဖွဲ့များနေရာချထားနိုင်ရေးနှင့် အတူတကွပူးပေါင်း၍ဆေးကုသမှုများဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းစီစဉ်ဆောင်ရွက်ပေးသွားရန်လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

# လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရ ကူမင်းမြို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီးအချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။



လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရ ကူမင်းမြို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိစဉ်။

ယနေ့ညနေပိုင်းတွင် လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ကူမင်းမြို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါ ကယ်ဆယ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဗဟ)

# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်(the day of national mourning) သတ်မှတ်ကြေညာခြင်း

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက် ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၃၀-၃-၂၀၂၅ရက်မှ ၆-၄-၂၀၂၅ရက်ထိ ၇ ရက်အား သတ်မှတ်ကြေညာလိုက်သည်။ ထိုရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက် လျှော့ချ၍ လွှင့်ထူကြရန်ဖြစ်ပါသည်။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံတော်ဝန်ကြီးချုပ်

# နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်ရန် ကြေညာခြင်း

နေပြည်တော် မတ် ၃၁

၁။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၃၀-၃-၂၀၂၅ ရက်နေ့မှ ၆-၄-၂၀၂၅ ရက်နေ့ထိ ၇ ရက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

၂။ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည်-

(က) နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍လွှင့်ထူထားသောအလံတိုင်ရှေ့ သို့မဟုတ် သင့်လျော်ရာနေရာ သို့မဟုတ် ပြုလုပ်နေသည့်အခမ်းအနားများ၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း။

(ခ) လှုပ်ရှားသွားလာနေသူများအနေဖြင့် ၎င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း။

(ဂ) ၎င်းအချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဥဩဆွဲဂါရဝပြုခြင်း။

(ဃ) ၎င်းအချိန်တွင် မီဒီယာများအနေဖြင့် ထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအား ခေတ္တရပ်ဆိုင်း၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် Logo များအား ထုတ်လွှင့်ခြင်း။

(င) သက်ဆိုင်ရာကိုးကွယ်ရာဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်း။

၃။ အထက်ပါအစီအစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုကို တစ်နိုင်ငံလုံးမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံတွင် တွေ့ကြုံခံစားရလျက်ရှိသည့် ငလျင်သဘာဝဘေးအပေါ် ထပ်တူဝမ်းနည်းခံစားရကြောင်း အသိအမှတ်ပြုခြင်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၃၁

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင် လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများ တွေ့ကြုံခံစားခဲ့ရပါသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံတွင် ပြင်းထန်ပြီး ရှားပါးသည့် သဘာဝဘေးဒဏ်ကို ရင်ဆိုင်ခံစားခဲ့ရမှုများကို နိုင်ငံတကာမှ စာနာထောက်ထားသောအားဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များစေလွှတ်၍ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အတူတကွ ပူးပေါင်း၍ လိုအပ်သည့်ကူညီကယ်ဆယ်မှုများကို တက်တက်ကြွကြွ ကူညီပံ့ပိုးပေးခဲ့သကဲ့သို့ ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်း ပို့ဆောင်ပေးခဲ့ကြပါသည်။ နိုင်ငံတကာမှ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်မှုများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပြီး ပိတ်မိနေသူများအား အသက်ရှင်လျက်ကယ်ဆယ်ခြင်းများကို စွမ်းဆောင်နိုင်ခဲ့ကြပါသည်။

နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျော် အားကစားအသင်းအဖွဲ့ချုပ်များနှင့် ဘောလုံးအသင်းများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်း အသီးသီးမှလည်း ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခြင်း၊ အားကစားပွဲများ မစတင်မီ တစ်မိနစ်ငြိမ်သက်ခြင်း၊ ထပ်တူဝမ်းနည်းရပါကြောင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်အခက်အခဲများအား အောင်မြင်စွာ ကျော်လွှားနိုင်ပါစေကြောင်း ရေးသားထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြပါသည်။

အလားတူ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် တာဝန်သိ တိုင်းရင်းသားမိဘပြည်သူများအားလုံး အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပါဝင်ကူညီလျက်ရှိကြပြီးစုစည်းညီညွတ်သည့်အားဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကို စိတ်ဓာတ်ခိုင်မာမှု၊ ယုံကြည်မှုတို့ဖြင့် အပြန်အလှန် ဖေးမကူညီလက်တွဲကာ အခက်အခဲများကို ကျော်ဖြတ်လျက်ရှိပါသည်။

ထိုကဲ့သို့သော မြန်မာနိုင်ငံတွင်တွေ့ကြုံခံစားခဲ့ရသည့် ငလျင်သဘာဝဘေးအပေါ် အရေးပေါ်အကူအညီများပေးရန် ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးကုသမှုအဖွဲ့များ စေလွှတ်ပေးခြင်း၊ ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပို့ဆောင်ပေးခြင်း၊ ထပ်တူဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ခြင်း၊ အသိအမှတ်ပြုလှုပ်ရှားမှုများပြုလုပ်ပေးခြင်းနှင့် အားပေးစကားများရေးသားဖော်ပြပေးခြင်း၊ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများအားလုံး၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ခြင်းတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရက အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။













သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

☆ **ကျောဖုံးမှအဆက်**

သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီး များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိခဲ့ရ သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်း နှင့် ညောင်ရွှေမြို့နယ်တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ ရမှုများကို ကြည့်ရှုစစ်ဆေး၍ အားပေး စကားပြောကြားခဲ့သည်။

များအနီးတစ်ဝိုက် အန္တရာယ်ကင်းဇုန် သတ်မှတ်ထားရှိရေးနှင့် အခြားလိုအပ် သည်များကို တာဝန်ရှိသူများအား လမ်းညွှန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်ဆရာ တော် ဘဒ္ဒန္တပညာဝံသအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်သင့် ကျောင်းတိုက် အဆောက်အအုံများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်မည့် အခြေ အနေများ၊ သံဃာတော်များ ဆွမ်း၊ ကွမ်း အဆင်ပြေရေးအတွက် စီမံဆောင်ရွက်ပေး သွားမည့်အခြေအနေများနှင့် သာသနာရေး ဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော် အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်

ချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ တက်လူနာများနှင့် ဆေးရုံအနီးဝန်းကျင်ရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စေတနာရှင် ကမ္ဘောဇအလင်းအဖွဲ့က စက်ရေတွင်း တူးဖော် စက်ယန္တရားဖြင့် တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တူးဖော်ရေးအဖွဲ့အား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် အင်းလေးဒေသသို့ ရဟတ်ယာဉ်၊ စက်လှေများဖြင့် သွားရောက်



အောင်ပန်းမြို့ အောင်ချမ်းသာစာသင်တိုက် ကျောင်းတိုက်ဆရာတော်ထံ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လှူဖွယ် ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

သမဝါယမဦးစီးဌာနက ရွှေ့လျားရေသန့် စက်ယာဉ် အသင့်ထားရှိဖြန့်ဝေပေးသွား မည့်အခြေအနေများ၊ နိုင်ငံတကာက ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများကို ဆက်လက်ဖြန့်ဝေပေးသွားမည့် အခြေ အနေများ၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့်ပစ္စည်းများနှင့် ထောက်ပံ့ငွေ များရရှိရေး စီမံဆောင်ရွက်သွားမည့်အခြေ အနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများ အမြန်ဆုံး ပြန်လည်ပြုပြင်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည့် အခြေအနေ များ၊ အပျက်အစီးစာရင်းကောက်ယူရေး အဖွဲ့များ စာရင်းလာရောက်ကောက်ယူချိန် တွင် အချက်အလက်ပြည့်စုံမှန်ကန်စွာ



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် အောင်ပန်းမြို့ အောင်ချမ်းသာစာသင်တိုက် ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့သို့ ရောက်ရှိရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ ဟိုတယ်အောင်ပန်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုအခြေအနေများ၊ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို စက်ယန္တရား ကြီးများအသုံးပြု၍ ဆောင်ရွက်နေမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး အောင်ပန်း မြို့နယ်သို့ လုပ်ငန်းကိစ္စဖြင့် ရောက်ရှိနေ သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အဖွဲ့ဝင် ဦးမျိုးမြင့်နှင့် ကူညီကယ်ဆယ်ရေး အဖွဲ့များမှ တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ အောင်ချမ်းသာစာသင်တိုက် ကျောင်းဝင်း အတွင်းရှိ ငလျင်ဒဏ်သင့် သာသနဟိတ ကာရီကျောင်း သုံးထပ်ဆောင် ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာသင်သားသံဃာတော်များ အဆင်ပြေ ချောမွေ့စေရေး စာအံသင်ကြားနိုင်ရေး အတွက် အင်ဂျင်နီယာပညာရှင်များဖြင့် အမြန်ဆုံးပြုပြင် တည်ဆောက်နိုင်ရေး၊ ပြိုကျနိုင်မည့် အန္တရာယ်ရှိအဆောက်အအုံ



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

အတွင်းရှိ ပိဋကတ်ဂုဏ်ရည်ကျောင်းတော် နှင့် အခြားသာသနိကအဆောက်အအုံများ ၏ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ အဆိုပါ စာသင်တိုက် ၌ သံဃာတော် ၃၇၅ ပါး သီတင်းသုံး စာဝါလိုက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသ မှုခံယူလျက် ငလျင်ဒဏ်ကြောင့် ထိခိုက် ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူ ၂၈ ဦး ကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ရောဂါသက်သာ ပျောက်ကင်းမှုအခြေအနေများကို တစ်ဦး

၌ ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ကေလာကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း ငလျင်ဒဏ်ကြောင့် နေအိမ် အဆောက်အအုံများ ပြိုကျပျက်စီးမှုများကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုကြ သည်။ ထို့နောက် ကျေးရွာဘုန်းတော်ကြီး ကျောင်း၌ ရောက်ရှိနေသည့် ငလျင်ဘေးသင့် ပြည်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လာရောက် ကြည့်ရှုစစ်ဆေးခြင်းဖြစ် ကြောင်း ဦးစွာရှင်းလင်းပြောကြားပြီး

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်ရာတွင် လက်ရှိနေအိမ်အဆောက်အအုံ အပျက်အစီးများကို ဦးစွာဖယ်ရှားရှင်းလင်း ခြင်း၊ အန္တရာယ်ရှိသည့် နေအိမ်အဆောက် အအုံ၊ သာသနိကအဆောက်အအုံများကို ပြုပြင်၍ရနိုင်မည့်အခြေအနေ စစ်ဆေး ခြင်း၊ ပြုပြင်ရန်မသင့်က ဖျက်သိမ်းခြင်း၊ အနည်းဆုံးပျက်စီးမှု အဆောက်အအုံနှင့် သာသနိကအဆောက်အအုံများကို အမြန် ဆုံးပြန်လည်တည်ဆောက်ခြင်း စသည့် လုပ်ငန်းအဆင့်အလိုက် တစ်ဆင့်ပြီး တစ်ဆင့် အမြန်ဆုံးဆောင်ရွက်ပေးသွား မည့်အခြေအနေများ၊ နေထိုင်စားသောက် ရေးနှင့်ပတ်သက်၍ အခြေခံစားကုန်များ နှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး အစားအသောက်များ၊ နန်းပန်လှေဆိပ် ဟိုတယ်ဇုန်၌ ပြည်နယ်ကျေးလက်နှင့်

စာရင်းပေးသွင်းရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ဒေသခံပြည်သူများက ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးရေးနှင့် အခြားလိုအပ် သည်များကို ကူညီဆောင်ရွက်ပေးသွား မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး ဒေသခံပြည်သူများ၏တင်ပြ ချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေး စကားပြောကြားသည်။ ထို့နောက် ကေလာ ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ရှိ ငလျင်ဒဏ်ကြောင့် ပြိုလဲ ပျက်စီးနေသည့် (ပေ ၁၂၀ x ပေ ၃၀) လေးခန်းတွဲ ငါးဆောင် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ် ဆရာမကြီးနှင့် **စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

တာဝန်ရှိသူများ၊ အင်ဂျင်နီယာပညာရှင်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အမီ ကျောင်းစာသင်ကြားနိုင်ရေး ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇရပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဿဒနထံ ဆွမ်း၊ ကွမ်းဝေယျာဝစ္စအတွက် နဝကမ္မ





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ဇရပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ပြိုကျပျက်စီးနေမှုကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးမှုများကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ကူညီကယ်ဆယ်ရေး အဖွဲ့များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းများနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး ဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးနေမှုအခြေအနေများ၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော်ထားရှိရာအဆောင်နှင့် အခြားသာသနိက အဆောက်အအုံများ ပြိုကျပျက်စီးနေမှုအခြေအနေများ၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့အတွက် စက်ယန္တရားများဖြင့် နုန်းမြေများကို ရေလမ်းကြောင်းကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြိုကျပျက်စီးနေသည့် သာသနိက အဆောက်အအုံများကို နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများကြားနှင့် အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ရာမပျက် အမြန်ဆုံးပြန်လည်ပြုပြင်သွားရန်၊ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ ထို့နောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားကိန်းဝပ်သီတင်းသုံးတော်မူရာ ရတနာစံကျောင်းတော်ကြီးအား အင်ဂျင်နီယာပညာရှင်များ၊ ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနအောက်ရှိ ဘူမိဗေဒပညာရှင်များ၏ ပဏာမစစ်ဆေးချက်အရ ပင်မစံကျောင်းတော်၏ခိုင်မြဲမှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး မြောက်အရပ် ပင်မလှေကားထိပ်နှင့် ပင်မစံကျောင်းတော်ထိစပ်နေရာ၌



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညောင်ရွှေမြို့နယ် ကေလာကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိနေသည့် ငလျင်ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားစဉ်။

အနည်းငယ်ထိခိုက်မှုရှိပြီး ကျန်အရှေ့၊ အနောက်၊ တောင်ဘက်အရပ်မျက်နှာရှိ လှေကားထိပ်နှင့် စံကျောင်းတော်မှာ မူလကပင် တွဲဆက်ထားခြင်းမဟုတ်သည့်အတွက် ၃ လက်မမှ ၆ လက်မအထိ ကွာဟနေသည့် အနေအထားရှိကြောင်း စိစစ်တွေ့ရှိရသည်။ အဆိုပါအခြေအနေကို ကုန်ကျစရိတ်သက်သာဆုံးနှင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်မည့် နည်းလမ်းများရှိကြောင်းသိရှိရပြီး လုပ်ငန်းအသေးစိတ်တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ပြည်နယ်အဆင့် DMC အဖွဲ့ဝင်များ၊ ပညာရှင်များက ဆက်လက်ဆွေးနွေး၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူများအား တစ်ဦးချင်းရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။

စာမျက်နှာ ၂၁ သို့



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာ့စံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။



ဆရာတော်ထံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

အားပြင်းခဲ့ကြောင်း၊ ထို့ကြောင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် အပျက်အစီးများစွာဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပထမဦးစားပေးအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အပျက်အစီးအပိုင်းအစများအားလုံး အမြန်ဆုံးရှင်းလင်းဖယ်ရှားရေး၊ ဒုတိယအဆင့်အနေဖြင့် လက်ရှိအခြေအနေတွင် ပျက်စီးလုနီးပါးဖြစ်နေသည့်အပြင် အန္တရာယ်ရှိသည့် အဆောက်အအုံများကို ဘေးအန္တရာယ်ကင်းစွာ အပြီးတိုင်စနစ်တကျဖြင့်ဖြိုခွဲဖျက်ဆီးရေး၊ တတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးကဏ္ဍ ယခုငလျင်ဒဏ်ခံစားရမှုအပေါ် သင်ခန်းစာရယူရန် လမ်းတံတား၊ ရုံးအဆောက်အအုံ၊





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အင်းလေးဒေသအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအဖွဲ့များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးသင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် နန်းပန်မြို့ နန်းပန်-အင်းလေးပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်ဆေးကုသမှုခံယူလျက် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူ ၁၈ ဦး ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမတွင် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အဖွဲ့များကို သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

ထိုသို့ အမှာစကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငလျင်ဘေးနှင့်ပတ်သက်၍ ချမှတ်ထားသည့်မူဝါဒများကို သိရှိစေရန်နှင့် ယခုခရီးစဉ်အတွင်း တွေ့ရှိချက်များအပေါ် ပြန်လည်ပြုပြင်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ် ၀၂ စက္ကန့်အချိန်တွင် အင်အား ၇ ဒသမ ၇ ရစ်ချ်တာစကေးဖြင့် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့်ကွာဝေးသော မန္တလေးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာတွင် လှုပ်ခတ်ခဲ့သည့်ငလျင်မှာ ဗဟိုချက်သည် မြေပြင်အောက် ၁၀ ကီလိုမီတာအကွာ အလွန်နီးကပ်သောကြောင့် အလွန်အထပ်မြင့်အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်ရေးအတွက် မြေအနေအထားစစ်ဆေးခြင်းပြုလုပ်ပြီးမှသာ ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးစသည့် အပိုင်းသုံးပိုင်းကို လမ်းညွှန်ချမှတ်ပေးထားကြောင်း၊ ပုဂ္ဂလိကအဆောက်အအုံများကို ဆက်လက်နေထိုင်ရန် မသင့်လျော်ပါက ဖျက်ဆီးသင့်ကြောင်း စည်းရုံးတိုင်ပင်ပြောဆို၍ စနစ်တကျဖျက်ဆီးရန်လိုကြောင်း၊ **စာမျက်နှာ ၂၂ သို့**





ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း အင်းလေးဒေသရှိ ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

စာမျက်နှာ ၂၁ မှအဆက်

အစိုးရရုံးဌာနများကို ဆက်လက်အသုံးပြုနေထိုင်ရန် မသင့်တော့သည်များကို အပြည့်အဝ ဖျက်ဆီးသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ် အနေဖြင့် နှစ်အလိုက် ရေကြီးမှုများ၊ လေမုန်တိုင်းတိုက်ခတ်ခြင်းများ၊ ငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် နိုင်ငံတော်တိုးတက်ရေးအတွက် လုပ်ငန်းများတွင် များစွာလုပ်ငန်းတိုးတက်မှု နှောင့်နှေးမှုများကြုံနေရကြောင်း၊ သို့သော်လည်း သဘာဝဘေးအန္တရာယ် ဖြစ်သည့်အတွက် မည်သို့မျှတားဆီး၍မရသောကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ခဲ့ရသည့်အခြေအနေတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆက်လက်ပြောကြားရာတွင် ယနေ့လက်ရှိမြင်တွေ့ခဲ့ရသည့် အောင်ပန်းမြို့တွင်း၌ အထပ်မြင့်အဆောက်အအုံအပါအဝင် ပျက်စီးမှုအများအပြားမှာ ငလျင်ဒဏ်ကြောင့် လုံးဝပြိုကျပျက်စီးမှုနည်းပါးပြီး ယိုင်နဲ့သွားခြင်း၊ အထပ်လိုက်မြေကြီးတွင် နစ်မြုပ်ခြင်းများ တွေ့ရှိရကြောင်း၊ ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ခဲ့သည့်အတွက်လည်း အောက်ခံမြေသားများ နိမ့်ကျကျွံဝင်မှုများလည်းရှိသည့်အတွက် ယခုငလျင်ဒဏ်ကြောင့် ပိုမိုပျက်စီးကာ အဆောက်အအုံများမှာ ယိုင်လဲမှု၊ မြေနိမ့်ကျွံဝင်မှုများကို တွေ့ရှိရကာ အဆိုပါဖြစ်ရပ်များကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ ဆက်လက်၍ တွေ့ရှိရသည့် အင်းလေးဒေသ၌ ရေထဲတွင် ဆောက်လုပ်ထားသည့် အိမ်များအနေဖြင့် ရှိသည့် ကုန်းမြေပေါ်တွင် အောက်ခံအမာခံမရှိဘဲ သစ်သားတိုင်များဖြင့်သာ ဆောက်လုပ်ထားပြီး အဆောက်အအုံအများစုမှာ နှစ်ကြာမြင့်ခြင်းတို့ကြောင့် အိမ်များယိုင်လဲခြင်း၊ ယိုင်လဲရာတွင်လည်း ပတ်ဝန်းကျင်ရေထဲသို့ ယိုင်လဲသဖြင့် သေဆုံးသူအများစုမှာ ရေနစ်မွန်း၍ သေဆုံးရသည်ကိုတွေ့ရှိရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အအုံပျက်များမှ ဒဏ်ရာရသူများကို ကယ်ဆယ်ရေးဆောင်ရွက်နိုင်သော်လည်း ရေထဲတွင်တည်ဆောက်ထားခြင်းဖြစ်၍ ရေနစ်သေဆုံးရသည်များဖြစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ခက်ခဲကြောင်း၊ လက်ရှိစာရင်းများအရ ရှမ်းပြည်နယ်အတွင်း ဘုရားစေတီပေါင်း ၁၈ ဆူ၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း သုံးကျောင်း၊ တံတား တစ်စင်း၊ လူနေအဆောက်အအုံ ၁၅၇ လုံး၊ သေဆုံးသူ ၆၅ ဦး၊ ဒဏ်ရာရ ၇၃ ဦး ရှိသည်ကို တွေ့ရကြောင်း၊ ယခုဖြစ်စဉ်ကြောင့် သေဆုံးရသည်များမှာ နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ များစွာဆုံးရှုံးရသည်ဟု ခံစားရပါကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင်ဖြစ်ပါကြောင်း၊ အဆောက်အအုံဆုံးရှုံးရသည်မှာ ငွေရှိလျှင် ပြန်လည်တည်ဆောက်နိုင်သော်လည်း လူသားအရင်းအမြစ်ဆုံးရှုံးရသည်မှာ အနာဂတ်အတွက် များစွာတန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်တွင် ဆုံးရှုံးမှုများကို အတတ်နိုင်ဆုံး အနည်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေနှင့်နီးစပ်ရာဒေသများတွင် ကုန်းမြေအနည်းငယ်ပေါ်တွင်သာ အဆောက်အအုံတည်ဆောက်၍ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် များစွာဆုံးရှုံးမှုများဖြစ်ရသည်ကို တွေ့ရကြောင်း၊ ထိုသို့ဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ထိုကဲ့သို့နေထိုင်ကြသူများကို ဝိုင်းဝန်းအကြံပေး၍ ကုန်မြေခံနိုင်မှုနှင့် အဆောက်အအုံအလေးချိန် သမမျှတစွာဖြင့်၊ အောက်ခြေခံနိုင်စွာဖြင့် တည်ဆောက်ပေးနိုင်ရေး ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်နယ်အဆင့် DMC အနေဖြင့် ရှာဖွေကယ်ဆယ်ရေး၊ စာရင်းကောက်ယူရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကော်မတီအသီးသီးဖြင့် ဖွဲ့စည်းထားပြီးဖြစ်သော်လည်း အထူးသဖြင့် စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအလိုက် လက်ရှိငလျင်ဒဏ်ခံနေရသည့် ဒေသမှ ဝန်ထမ်းများကို တာဝန်ပေးအပ်သည်ထက် သဘာဝဘေးအန္တရာယ်နှင့် ကင်းလွတ်သည့် အခြားတိုင်းဒေသကြီးမှ ဝန်ထမ်းများကို ခေါ်ယူ၍ တာဝန်ပေးအပ်ပါက ပိုမိုအဆင်ပြေစေနိုင်မည်ကို အကြံပြုဆွေးနွေးလိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ယခုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကေလာကျေးရွာအုပ်စုနှင့် နန်းပန်ကျေးရွာအုပ်စုတို့အတွက် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ဆေးရုံတည်ဆောက်ပေးနိုင်ရေး မြေနေရာကို ရွေးချယ်လျာထားတင်ပြရန် လမ်းညွှန်ထားပါကြောင်း၊ လတ်တလော ကေလာဘုန်းတော်ကြီးကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်နိုင်ရေး စီမံပေးထားမည်ဖြစ်သည့်အပြင် စစ်စံထွန်းဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံကြီးအမှတ်(၂/၇၀၀)တို့မှ ပါရဂူများဖြင့် နယ်လှည့်ဆေးကုသရေးအထူးအဖွဲ့ကိုလည်း ဧပြီ ၁ ရက်မှ စတင်စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် သဘာဝဘေးကူညီကယ်ဆယ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများကို ဖိတ်ခေါ်မှုတွင် ပြည်ပနိုင်ငံများအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အားတက်သရောဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ်တွင် လူသားချင်းစာနာထောက်ထားသော စေတနာအပြည့်ဖြင့် ကူညီပေးနေသည်ကို ဝမ်းသာကြည်နူးကျေးဇူးတင်ထိုက်ဖွယ်တွေ့မြင်ရပါကြောင်း။

သို့ဖြစ်၍ ယခုလက်ရှိ သဘာဝဘေးခံစားနေရသည့် အင်းလေးဒေသရှိ ပြည်သူများကို အမြန်ဆုံးကူညီကယ်တင်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် ပြည်နယ် DMC အဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စိတ်ဓာတ်မြှင့်တင်ပေးရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဒေသအတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ငလျင်ဘေးသင့်ပြည်သူများအတွက် ယာယီတဲများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးကိစ္စ၊ DMC မှထောက်ပံ့ပေးအပ်သည့် အခြေခံစားကုန်များနှင့် ထောက်ပံ့ငွေများပေးအပ်နိုင်ရေး၊ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ဟိုတယ်များတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာတည်းခိုနေထိုင်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုသက်ဆိုင်ရာကဏ္ဍအလိုက်အသီးသီး ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ



**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများပါဝင်သော ယူအေအီးတပ်မတော်လေယာဉ် သုံးစင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များတွင် အဖွဲ့ဝင် ၇၉ ဦး၊ မော်တော်ယာဉ် ၁၅ စီး၊ ကယ်ဆယ်ရေးအထောက်ကူပြုပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း ၆၇၆၈၅ Kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်များတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်၍ ငလျင်ဒဏ်သင့်ဒေသများသို့ ဆောလျင်စွာ သွားရောက်နိုင်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၃၁

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းကို ဗဟိုပြု၍ ဖြစ်ပွားခဲ့သော အင်အား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိသည့်အင်အားပြင်း ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံလေးနိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့်ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီချမ်းကလည်းကောင်း၊ ကမ္ဘောဒီးယားဘုရင်မင်းမြတ် ပရယ်ဘာတ်ဆမ်ဒတ်ပရယ်ဘိုရိုနိုနစ်နိုရိုဒွန်သီဟာမိုနီကလည်းကောင်း၊ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒတ်အာခါမိုဟာဆီနာပါဒိုင်းတဲ့ချိုဟွန်ဆန်ကလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်မာနိုက်ကလည်းကောင်း၊ ဘရူနိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒူလာကလည်းကောင်း၊ နီကာရာဂွာနိုင်ငံသမ္မတ ဒယ်နီရယ်အော်တီဂါ ဆာဗေဒရာနှင့် ဒုတိယသမ္မတ ရိုဆာရီမူရီလိုတို့ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါသဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း၊ **မြန်မာနိုင်ငံအတွက် လိုအပ်သည့်အကူအညီများပေးရန် အဆင်သင့်ရှိကြပြီး ထိခိုက်ခံစားရသည့် မြန်မာပြည်သူများ ဘေးအန္တရာယ်ကျော်လွှားနိုင်ရေးနှင့် မြန်မာနိုင်ငံကို အစောဆုံးပြန်လည်တည်ဆောက်နိုင်ရေး အကူအညီများပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ခိုင်မာအားကောင်းသည့် ဦးဆောင်မှုအောက်တွင် ငလျင်ဒဏ်သင့်ဒေသများရှိမြန်မာပြည်သူများအနေဖြင့် ဘေးအန္တရာယ်များကို အောင်မြင်စွာကျော်လွှားနိုင်ပြီး ကောင်းမွန်သည့် လူမှုဘဝကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း၊** ငလျင်ဖြစ်ပွားခဲ့သည့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ရှုပ်ရှုပ်ချုံချုံဆောင်ရွက်နေမှုများအား ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ ငလျင်ကြောင့် အသက်ဆုံးရှုံးရသူများအနေဖြင့် အေးချမ်းကောင်းမွန်သောဘဝသို့ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် အမြန်ဆုံးပြန်လည်ကျန်းမာလာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုကဲ့သို့ **ခက်ခဲသည့်အချိန်ကာလတွင် မြန်မာပြည်သူများနှင့် အတူတကွရပ်တည်လျက်ရှိပါကြောင်း**တို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။

(၅၀၁)

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော်ခင်ဗျာ–**

မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် အံ့သြစိတ်မကောင်းဖြစ်ရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူများကိုယ်စား ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်းနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

တရုတ်နှင့် မြန်မာနိုင်ငံတို့သည် အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးသည့် ဆိုးအတူကောင်းဖက်နိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံပြည်သူများသည်လည်း ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုတည်ထောင်ထားရှိကြပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့်အကူအညီပေးရန်အဆင်သင့်ရှိပြီး ထိခိုက်ခံစားရသည့်မြန်မာပြည်သူများ ဘေးအန္တရာယ်ကျော်လွှားနိုင်ရေးနှင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံကို အစောဆုံးပြန်လည်တည်ဆောက်နိုင်ရေး ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

**ရှီကျင့်ဖျင်**
**သမ္မတ**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော်ဝန်ကြီးချုပ်ခင်ဗျာ–**

မြန်မာနိုင်ငံတွင် ပြင်းထန်သောငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် မြန်မာပြည်သူပြည်သားများအနေဖြင့် အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်ဟု သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါသည်။ မိမိအနေဖြင့် တရုတ်နိုင်ငံအစိုးရကိုယ်စား အဆိုပါငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် အားပေးနှစ်သိမ့်လိုက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအစိုးရ၏ ခိုင်မာအားကောင်းသည့် ဦးဆောင်မှုအောက်တွင် ငလျင်ဒဏ်သင့်ဒေသများရှိ မြန်မာပြည်သူများအနေဖြင့် ဘေးအန္တရာယ်များကို အောင်မြင်စွာကျော်လွှားနိုင်ပြီး ကောင်းမွန်သည့် လူမှုဘဝကို အမြန်ဆုံးပြန်လည်တည်ဆောက်သွားနိုင်သည်ဟု ယုံကြည်ပါသည်။

**လီချန်း**
**ဝန်ကြီးချုပ်**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**၂၀၂၅ ခုနှစ် မတ် ၂၉ ရက်။**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**

**ဥက္ကဋ္ဌခင်ဗျာ–**

ကမ္ဘောဒီးယားနိုင်ငံပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် ငလျင်ဒဏ်ကြောင့် အသက်များဆုံးရှုံးမှုများနှင့် ဒဏ်ရာရရှိမှုများအတွက် စာနာထောက်ထားကြောင်းနှင့် ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

မြန်မာပြည်သူများနှင့်အတူ ကြေကွဲဝမ်းနည်းရပြီး ပြန်လည်ထူထောင်နိုင်ရေး အတူတကွ ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ငလျင်ဒဏ်ကြောင့် သေဆုံးရသူများအားလုံး ကောင်းရာမွန်ရာသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။ ဒဏ်ရာရရှိသူများ ဆောလျင်စွာပြန်လည်ကောင်းမွန်စေလိုကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ငလျင်ဖြစ်ပွားခဲ့သည့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ရှုပ်ရှုပ်ချုံချုံဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုအပ်ပါသည်။

စာနာထောက်ထားစွာဖြင့်–

**ပရယ်ဘာတ် ဆမ်ဒတ်ပရယ်**
**ဘိုရိုနိုနစ် နိုရိုဒွန် သီဟာမိုနီ**
**၂၀၂၅ ခုနှစ် မတ်လ ၂၉ ရက်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော်ဥက္ကဋ္ဌခင်ဗျာ–**

မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ရှားခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် လူအမြောက်အမြားထိခိုက်ဒဏ်ရာရမှုများအတွက် ကမ္ဘောဒီးယားပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးခဲ့ရသည့် မိသားစုများအတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

မိမိတို့အနေဖြင့် မြန်မာပြည်သူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ငလျင်ကြောင့် အသက်ဆုံးရှုံးကြသူများအနေဖြင့် အေးချမ်းကောင်းမွန်သည့်ဘဝသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် အမြန်ဆုံးပြန်လည်ကျန်းမာလာပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဟွန်ဆန်**

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှအဆက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်ဥက္ကဋ္ဌခင်ဗျာ။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် နေ့လယ်ခင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ကြောင့် အသက်ဆုံးရှုံးမှုများ ထိခိုက်ဒဏ်ရာရရှိမှု၊ ပြင်းထန်စွာပျက်စီးဆုံးရှုံးမှုများအကြောင်းကြားသိရသည့်အတွက် အလွန်အမင်းဝမ်းနည်းရပါသည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာအစိုးရ၊ မြန်မာပြည်သူများ အထူးသဖြင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် မြန်မာပြည်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

သေဆုံးထိခိုက်ခံစားရသူများအတွက် ဆုတောင်းမေတ္တာပို့သလျက် ထိခိုက်ခံစားရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရန် မျှော်လင့်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလတွင် မြန်မာပြည်သူများနှင့် အတူတကွရပ်တည်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် အခက်အခဲကို အောင်မြင်စွာကျော်လွှားနိုင်ပြီး ပိုမိုသန်မာလာမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဟွန်မာနိုက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်-

မကြာသေးမီက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် မြန်မာပြည်သူများ၏ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများကို သိရှိရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။

ဘရူနိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် မိသားစုနှင့် အသိုက်အဝန်းများအားလုံးအတွက် ဝမ်းနည်းစိတ်မကောင်းမှုကို ဖော်ပြအပ်ပါသည်။

စာနာထောက်ထားစွာဖြင့်

ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ
ဘရူနိုင်းနိုင်ငံ

အဆွေတော်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
နေပြည်တော်

ညီအစ်ကို ဝန်ကြီးချုပ်ခင်ဗျား

နီကာရာဂွါစံတော်ချိန် နံနက်ပိုင်း မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ လူ ၂၀၀ သေဆုံးခဲ့ပြီး လူပေါင်း ၇၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်းကြားသိရသည့်အတွက် အံ့သြတုန်လှုပ်မိပါသည်။

မိမိတို့ပြည်သူများလည်း ခံစားခဲ့ရသည့် ယခုကဲ့သို့ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များ၊ ထိခိုက်ဒဏ်ရာဆုံးရှုံးမှုများကို သိရှိနားလည်ရာ မိမိတို့အနေဖြင့် အဆွေတော်၊ အဆွေတော်အစိုးရနှင့် မြန်မာပြည်သူများ၊ မိသားစုများအားလုံးကို ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။ မိမိတို့အနေဖြင့် အတူတကွ ဆုတောင်းမေတ္တာပို့သလျက်ရှိပြီး အဆွေတော်တို့ပြည်သူများ ပုံမှန်ဘဝအခြေအနေသို့ ရောက်ရှိစေမည်ဟု ယုံကြည်ပါသည်။

နီကာရာဂွါမှ အဆွေတော်၊ အဆွေတော်အစိုးရနှင့် မြန်မာပြည်သူများကို ကျေးဇူးတင်ရှိကာ အသိအမှတ်ပြုအပ်ပါသည်။

ဒယ်နီရယ်အော်တီဂါဆာဗေဒရာ ရိုဆာရီမူရီလို

## အသိပေးကြေညာခြင်း

နေပြည်တော် မတ် ၃၁

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့်မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ မြန်မာ့အာမခံလုပ်ငန်းတွင် မီးနှင့် မြေငလျင်ဘေးဒဏ်အကာအကွယ်ဖြင့် အာမခံထားရှိခဲ့သော အစိုးရဌာနများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများပိုင်အဆောက်အအုံ၊ စက်ပစ္စည်းနှင့် ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများကို စိစစ်တွက်ချက်၍ အမြန်ဆုံး လျော်ကြေးပေးလျော်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်သူများအနေဖြင့် မြန်မာ့အာမခံလုပ်ငန်း (ရန်ကုန်ရုံးချုပ်)နှင့် နီးစပ်ရာမြန်မာ့အာမခံလုပ်ငန်းရုံးခွဲများသို့ ဆက်သွယ်၍ လျော်ကြေးတောင်းခံစာများ ပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း - ၀၉ ၄၂၅၂၆၃၄၄၇၊ ၀၉ ၇၆၅၂၁၀၄၆၈

မြန်မာ့အာမခံလုပ်ငန်း
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးလျက်ရှိသည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေး



နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၉ ရက်၊ ၃၀ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ နေထိုင်စားသောက်ရေးနှင့် လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)
ပြည်ထောင်စုဝန်ကြီး
ဗိုလ်ချုပ်ကြီးမိုးအောင်
ဝန်ထမ်းများနှင့် မိသားစုဝင်များကို
စားသောက်ဖွယ်ရာများ
ပေးအပ်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ရန်ကုန်မြို့တွင်ငွေစာရင်းအမှတ် (0111284000000063)ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်း၊ ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများ အနေဖြင့်-

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်းပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**













## ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ်မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထား

**နေပြည်တော် မတ် ၃၁**

မတ် ၂၈ ရက် တပေါင်းလကွယ်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်ကြောင့် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ်မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှုအစောင် ၇၀၀ ကို တစ်ပတ်တာဝန်ဆောင်မှုပေးထားကြောင်း MPT မှ သိရသည်။

အဆိုပါ အခမဲ့ဝန်ဆောင်မှုကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်ထိ တစ်ပတ်တာ အခမဲ့ဝန်ဆောင်မှုပေးထားပြီး ငလျင်ဒဏ်ကြောင့် တယ်လီဖုန်းခေါ်ဆိုမှုအခက်အခဲများကိုလည်း အမြန်ဆုံးပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သန်းဦး**




လျှပ်စစ်မီတာခ
သက်သာဖို့
LED ပစ္စည်း
သုံးကြစို့။

# ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့်အဆောက်အအုံအတွင်းမှ ကိုယ့်အားကိုယ်ကိုး၍ ဖောက်ထွက်လာနိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း သတင်းထုတ်ပြန်ခြင်း



ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံအတွင်းမှ ကိုယ့်အားကိုယ်ကိုး၍ ဖောက်ထွက်လာသည့် အမျိုးသမီးငယ်ကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၃၁**

အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်သင့် ဒေသအသီးသီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိစဉ် မန္တလေးမြို့ Sky Villa ကွန်ဒိုပြိုကျမှုမှ မြေးအဘွားသုံးဦး လွတ်မြောက်လာမှုအား ၎င်းတို့၏ဖခင်ဖြစ်သူ၏ လူမှုကွန်ရက်တွင် ဖော်ပြမှုများအရ သိရှိရပါသည်။

ဖြစ်စဉ်မှာမန္တလေးမြို့ Sky Villa ကွန်ဒိုအဆောက်အအုံတွင်နေထိုင်လျက်ရှိသည့် အသက် ၇၆ နှစ်အရွယ် အဘွားအိုတစ်ဦး၊ အသက် ၁၆ နှစ်နှင့် အသက် ၁၃ နှစ်အရွယ် မြေးနှစ်ဦးတို့သည် အဆောက်အအုံပြိုကျမှုအတွင်းပိတ်မိကာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ မြေးနှစ်ဦးတို့သည် ငလျင်ဒဏ်ကြောင့် ပြိုကျလာသော ဖုန်မှုန့်များ၊ ကျောက်တုံးများ၊ အပျက်အစီးများအကြားတွင် ပိတ်မိနေသဖြင့် ဖုန်းများအသုံးပြု၍ Flash Light အကူအညီဖြင့် ထွက်ပေါက်ဖြစ်နိုင်သည့်နေရာများအား လမ်းကြောင်းရှာခြင်း၊ ဖြစ်စဉ်အား မှတ်တမ်းတင်ခြင်း၊ ကူညီကယ်ဆယ်ရေးသမားများ အသံကြားနိုင်ရေး အော်ဟစ်ခေါ်ဆိုခြင်း၊ သေဆုံးနိုင်သည်ဟုထင်မြင်မိသဖြင့် ဖြစ်ပေါ်ခဲ့သောအခြေအနေများအား ကျန်ရစ်သူမိသားစုဝင်များ တွေ့မြင်နိုင်ရေးအတွက် ဖုန်းဖြင့် မှတ်တမ်းရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အချိန်အတိုင်းအတာတစ်ခုအထိ အဆက်မပြတ်အော်ဟစ်အကူအညီတောင်းခံခဲ့ကြစဉ် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကြားသိခဲ့ရသဖြင့် တူများဖြင့် အပေါက်ငယ်တစ်ခုဖောက်ပေးခဲ့ပြီး သောက်ရေပေးအပ်ကာ မကြာမီလာရောက်ကယ်တင်မည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့နောက် ကယ်ဆယ်ရေးအဖွဲ့များက ၎င်းတို့အပါအဝင် အခြားပိတ်မိနေသူများအား ကယ်ထုတ်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိစဉ် ကလေးငယ်တစ်ဦးသည် ရေဘူးကမ်းပေးသည့်အပေါက်မှ လက်ဖြင့်စမ်းကြည့်ရာ တူတစ်ချောင်းအားတွေ့ရှိသဖြင့် ၎င်းတူဖြင့် ကျောက်တုံးများအား ထုခွဲ၍ တစ်ကိုယ်စာထွက်နိုင်သောအပေါက်ကို ဖောက်ခဲ့ပြီး ခေါင်းထွက်၍ရအောင် ကြိုးစားဖောက်နိုင်ခဲ့ကြောင်း၊ ခေါင်းထွက်လာသောအခါ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်းမှုဖြင့် ဝိုင်းဝန်းကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ကယ်ဆယ်ရေးအဖွဲ့များသည် နေရာနှင့် လမ်းကြောင်းကို သိရှိသွားသည့်အတွက် အဘွားဖြစ်သူနှင့် ကျန်ရှိနေသည့် ကလေးငယ်တစ်ဦးအား ဆက်လက်ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ မိမိကိုယ်စွမ်းကိုယ်စဖြင့် ကြိုးစားရုန်းထွက်နိုင်ခဲ့သည့်အတွက် အမျိုးသမီးငယ်များ၏ တစ်ကိုယ်ကောင်းမဆန်ဘဲ သက်ကြီးအဘွားအိုအား ကယ်တင်နိုင်မှု၊ အခက်အခဲများကို တည်ငြိမ်စွာဖြင့် ဖြေရှင်းနိုင်မှု၊ ရဲရင့်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ Mobile Phone အား အကျိုးရှိစွာအသုံးချနိုင်မှုတို့ကို အသိအမှတ်ပြုကြောင်းနှင့် ယခုကဲ့သို့ အသက်ဘေးမှ လွတ်မြောက်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅ /၂၀၂၅ဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကို အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

# ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅ /၂၀၂၅)**
၁၃၈၆ ခုနှစ် တန်ခူးလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ် မတ် ၃၁ ရက်)

**နိဒါန်း**

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေးပြည်တွင်း စားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများအပါအဝင် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း အတွက် ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုစီမံကိန်း၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်ထိကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ ခြောက်လအကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ ခြောက်လ အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကိုဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၃ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၂ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၄ ဒသမ ၁ ရာခိုင်နှုန်းလျော့နည်းရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁ ဒသမ ၂ ရာခိုင်နှုန်းလျော့နည်းရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၄ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၃ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ –
(၁) ကချင်ပြည်နယ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင်၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၂ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် သုည ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၁ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် သုည ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅ ဒသမ ၀ ရာခိုင်နှုန်းမှ ၂၅ ဒသမ ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆ ဒသမ ၃ ရာခိုင်နှုန်းမှ ၃၆ ဒသမ ၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၈ ဒသမ ၇ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၉၀၆၄ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၄၇၀၀ သန်းတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၄၃၀၀ သန်းတင်သွင်းရန်၊

(ဆ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃၃၄၁၉၅၂ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**
**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ ထုတ်လုပ်မှုမှသည် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်တွင်း၌လိုအပ်သည့် ကုန်ကြမ်းများထုတ်လုပ်နိုင်ရေး အတွက် ရေးဆွဲပြီးဖြစ်သည့် အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅) နှင့် ချိတ်ဆက်ရေးဆွဲဆောင်ရွက်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက်အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသတွင်းရှိ အလားအလာရှိသည့် ကုန်စည်များထုတ်လုပ်မှုတိုးတက်စေရေးကို ဦးတည်ပြီး ဒေသတစ်ခုထွက်ကုန်တစ်ခုထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအကြား ပူးပေါင်းဆောင်ရွက်ပြီး ထုတ်လုပ်မှုတွင် အဓိကပါဝင်ဆောင်ရွက်ကြမည့် ထုတ်လုပ်မှုလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုကွန်ရက် (production network)တစ်လျှောက် အချိတ်အဆက်မိမိ ဆောင်ရွက်သွားရန်ဖြစ်သည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မူလရေးဆွဲထားသည့် ငါးနှစ် ဖွံ့ဖြိုးမှုစီမံကိန်းကို ကဏ္ဍအလိုက်ပြန်လည်သုံးသပ်ပြီး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ လျာထားချက်များကို ကဏ္ဍတစ်ခုနှင့်တစ်ခု အကြားချိတ်ဆက်၍ ဆောင်ရွက်ရန်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင်တင်ပြလာသော စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် လျှော့၍ ခွင့်ပြုခြင်းများဆောင်ရွက်ရမည်။

၉။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။ ထို့ပြင် မြေပြင်အခြေအနေအရ အရေးပေါ်ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များ၊ မူလအခြေအနေအတိုင်း ဆောင်ရွက်ရန် အခက်အခဲရှိသည့်ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကိစ္စရပ်များနှင့် လမ်းညွှန်ချက်အရ ဆောလျင်စွာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၇ မှအဆက်

၁၂။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး သို့မဟုတ် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများပါဝင်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၄။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ၊မရှိ၊ စီးပွားရေးအရတွက်ခြေကိုက်မှု ရှိ၊မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု၊မပြုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ၊မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီးဖြစ်ရမည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်းဖြစ်ရမည်။ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့်ဗျူဟာမြောက်စီမံကိန်းများကို နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့်လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၂,၅၀၅,၉၅၅.၄** | **၂၃.၃** | **၁.၂** | **၂၂,၉၁၉,၀၆၆.၅** | **၂၃.၀** | **၁.၈** |
| | ၁ | လယ်ယာ | ၁၄,၄၉၉,၇၄၀.၆ | ၁၅.၀ | ၁.၆ | ၁၄,၇၄၃,၅၂၂.၉ | ၁၄.၈ | ၁.၇ |
| | ၂ | သားငါး | ၇,၉၆၅,၇၂၄.၆ | ၈.၂ | ၀.၅ | ၈,၁၃၃,၃၃၅.၂ | ၈.၁ | ၂.၁ |
| | ၃ | သစ်တော | ၄၀,၄၉၀.၂ | ၀.၁ | ၁.၇ | ၄၂,၂၀၈.၄ | ၀.၁ | ၄.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၂,၁၂၈,၃၅၁.၀** | **၃၃.၂** | **၂.၃** | **၃၂,၉၂၉,၆၂၉.၅** | **၃၃.၁** | **၂.၅** |
| | ၁ | စွမ်းအင် | ၂,၁၆၆,၀၉၈.၇ | ၂.၂ | -၇.၁ | ၂,၀၇၇,၆၄၈.၆ | ၂.၁ | -၄.၁ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၁,၀၈၇.၃ | ၀.၅ | -၁၁.၅ | ၅၁၅,၀၈၅.၇ | ၀.၅ | -၁.၂ |
| | ၃ | စက်မှုလက်မှု | ၂၂,၇၁၄,၁၄၅.၂ | ၂၃.၅ | ၄.၀ | ၂၃,၄၃၂,၇၉၇.၉ | ၂၃.၅ | ၃.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၂၇,၆၁၀.၃ | ၁.၃ | -၃.၀ | ၁,၂၄၉,၁၀၉.၇ | ၁.၃ | ၁.၈ |
| | ၅ | ဆောက်လုပ်မှု | ၅,၄၉၉,၄၀၉.၅ | ၅.၇ | ၂.၁ | ၅,၆၅၄,၉၈၇.၆ | ၅.၇ | ၂.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၂,၁၅၅,၈၇၂.၂** | **၄၃.၅** | **၄.၂** | **၄၃,၇၉၉,၇၁၈.၈** | **၄၃.၉** | **၃.၉** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၆၈၁,၀၃၆.၈ | ၁၂.၁ | ၅.၃ | ၁၂,၂၃၄,၉၃၄.၅ | ၁၂.၃ | ၄.၇ |
| | ၂ | ဆက်သွယ်ရေး | ၃,၂၉၉,၁၇၇.၉ | ၃.၄ | ၆.၂ | ၃,၄၇၁,၆၉၈.၃ | ၃.၅ | ၅.၂ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄,၉၁၇.၂ | ၀.၅ | ၂.၃ | ၅၂၃,၄၅၃.၆ | ၀.၅ | ၅.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၇၁၁,၃၄၄.၀ | ၃.၈ | ၄.၆ | ၃,၈၃၈,၂၀၅.၆ | ၃.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၁၆၃,၁၈၁.၇ | ၃.၃ | ၄.၅ | ၃,၂၇၇,၈၅၂.၉ | ၃.၃ | ၃.၆ |
| | ၆ | ကုန်သွယ်မှု | ၁၉,၈၀၆,၂၁၄.၆ | ၂၀.၄ | ၃.၂ | ၂၀,၄၅၃,၅၇၃.၉ | ၂၀.၅ | ၃.၃ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၆,၇၉၀,၁၇၈.၆** | **၁၀၀.၀** | **၂.၉** | **၉၉,၆၄၈,၄၁၄.၈** | **၁၀၀.၀** | **၃.၀** |

ပူးတွဲ-၂

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၄,၆၃၄,၃၀၆.၄** | **၅၆.၅** | **၁.၈** | **၅၅,၈၄၈,၆၉၆.၀** | **၅၆.၁** | **၂.၂** |
| | ၁ | လယ်ယာ | ၁၄,၄၉၉,၇၄၀.၆ | ၁၅.၀ | ၁.၆ | ၁၄,၇၄၃,၅၂၂.၉ | ၁၄.၈ | ၁.၇ |
| | ၂ | သားငါး | ၇,၉၆၅,၇၂၄.၆ | ၈.၂ | ၀.၅ | ၈,၁၃၃,၃၃၅.၂ | ၈.၁ | ၂.၁ |
| | ၃ | သစ်တော | ၄၀,၄၉၀.၂ | ၀.၁ | ၁.၇ | ၄၂,၂၀၈.၄ | ၀.၁ | ၄.၂ |
| | ၄ | စွမ်းအင် | ၂,၁၆၆,၀၉၈.၇ | ၂.၂ | -၇.၁ | ၂,၀၇၇,၆၄၈.၆ | ၂.၁ | -၄.၁ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၁,၀၈၇.၃ | ၀.၅ | -၁၁.၅ | ၅၁၅,၀၈၅.၇ | ၀.၅ | -၁.၂ |
| | ၆ | စက်မှုလက်မှု | ၂၂,၇၁၄,၁၄၅.၂ | ၂၃.၅ | ၄.၀ | ၂၃,၄၃၂,၇၉၇.၉ | ၂၃.၅ | ၃.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၂၂၇,၆၁၀.၃ | ၁.၃ | -၃.၀ | ၁,၂၄၉,၁၀၉.၇ | ၁.၃ | ၁.၈ |
| | ၈ | ဆောက်လုပ်မှု | ၅,၄၉၉,၄၀၉.၅ | ၅.၇ | ၂.၁ | ၅,၆၅၄,၉၈၇.၆ | ၅.၇ | ၂.၈ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၂,၃၄၉,၆၅၇.၆** | **၂၃.၁** | **၅.၁** | **၂၃,၃၄၆,၁၄၄.၉** | **၂၃.၄** | **၄.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၆၈၁,၀၃၆.၈ | ၁၂.၁ | ၅.၃ | ၁၂,၂၃၄,၉၃၄.၅ | ၁၂.၃ | ၄.၇ |
| | ၂ | ဆက်သွယ်ရေး | ၃,၂၉၉,၁၇၇.၉ | ၃.၄ | ၆.၂ | ၃,၄၇၁,၆၉၈.၃ | ၃.၅ | ၅.၂ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄,၉၁၇.၂ | ၀.၅ | ၂.၃ | ၅၂၃,၄၅၃.၆ | ၀.၅ | ၅.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၇၁၁,၃၄၄.၀ | ၃.၈ | ၄.၆ | ၃,၈၃၈,၂၀၅.၆ | ၃.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၁၆၃,၁၈၁.၇ | ၃.၃ | ၄.၅ | ၃,၂၇၇,၈၅၂.၉ | ၃.၃ | ၃.၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၉,၈၀၆,၂၁၄.၆** | **၂၀.၄** | **၃.၂** | **၂၀,၄၅၃,၅၇၃.၉** | **၂၀.၅** | **၃.၃** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၆,၇၉၀,၁၇၈.၆** | **၁၀၀.၀** | **၂.၉** | **၉၉,၆၄၈,၄၁၄.၈** | **၁၀၀.၀** | **၃.၀** |

ပူးတွဲ-၃

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏**
**စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၇၈,၄၅၁.၇ | ၁.၈ | -၀.၄ | ၁,၇၉၈,၉၉၁.၅ | ၁.၈ | ၁.၂ |
| ၂ | ကယားပြည်နယ် | ၁၇၃,၃၂၅.၅ | ၀.၂ | -၁၂.၇ | ၁၇၆,၁၃၁.၇ | ၀.၂ | ၁.၆ |
| ၃ | ကရင်ပြည်နယ် | ၁,၈၃၈,၀၁၂.၆ | ၁.၉ | ၂.၉ | ၁,၈၇၅,၆၀၉.၁ | ၁.၉ | ၂.၀ |
| ၄ | ချင်းပြည်နယ် | ၂၀၀,၁၂၆.၅ | ၀.၂ | -၅.၉ | ၂၀၁,၁၈၀.၇ | ၀.၂ | ၀.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၁၅၆,၉၁၁.၉ | ၁၀.၅ | ၁.၇ | ၁၀,၃၂၆,၄၄၂.၁ | ၁၀.၄ | ၁.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၉၉၈,၄၈၃.၈ | ၄.၁ | ၁.၈ | ၄,၀၃၈,၅၉၅.၇ | ၄.၀ | ၁.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉,၁၈၅,၄၈၀.၆ | ၉.၅ | ၄.၅ | ၉,၄၄၃,၈၄၆.၉ | ၉.၅ | ၂.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၄၃၂,၃၄၁.၁ | ၇.၇ | ၄.၇ | ၇,၇၃၅,၅၃၁.၆ | ၇.၈ | ၄.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၇၅၇,၀၇၄.၂ | ၁၀.၁ | ၄.၇ | ၁၀,၀၇၆,၆၀၃.၅ | ၁၀.၁ | ၃.၃ |
| ၁၀ | မွန်ပြည်နယ် | ၄,၂၇၃,၆၄၁.၁ | ၄.၄ | ၄.၆ | ၄,၃၈၆,၇၉၅.၀ | ၄.၄ | ၂.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၆၃၄,၅၉၆.၆ | ၂.၇ | -၂၃.၁ | ၂,၆၄၆,၃၉၀.၁ | ၂.၆ | ၀.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၅,၈၀၇,၈၁၈.၅ | ၂၆.၇ | ၇.၃ | ၂၆,၉၂၆,၃၉၆.၂ | ၂၇.၀ | ၄.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၃၂၇,၂၈၄.၈ | ၅.၅ | -၄.၆ | ၅,၄၃၆,၅၈၈.၄ | ၅.၅ | ၂.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၈၁၂,၈၉၃.၈ | ၁၂.၂ | ၂.၃ | ၁၂,၀၇၁,၆၂၅.၀ | ၁၂.၁ | ၂.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၄၁၃,၇၃၅.၉ | ၂.၅ | ၅.၇ | ၂,၅၀၇,၆၈၇.၃ | ၂.၅ | ၃.၉ |

ပူးတွဲ-၄

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၄၀,၁၅၂,၃၄၆.၈** | **၂၅.၀** | **၄၂,၈၃၂,၇၂၁.၁** | **၂၅.၀** | **၆.၇** |
| | ၁ | လယ်ယာ | ၂၇,၄၀၄,၆၄၈.၀ | ၁၇.၀ | ၂၉,၂၂၆,၈၆၄.၅ | ၁၇.၀ | ၆.၆ |
| | ၂ | သားငါး | ၁၂,၆၇၄,၈၂၉.၅ | ၇.၉ | ၁၃,၅၂၄,၀၃၃.၉ | ၇.၉ | ၆.၇ |
| | ၃ | သစ်တော | ၇၂,၈၆၉.၃ | ၀.၁ | ၈၁,၈၂၂.၇ | ၀.၁ | ၁၂.၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၅၈,၃၇၃,၆၄၇.၀** | **၃၆.၃** | **၆၂,၁၈၅,၇၀၃.၈** | **၃၆.၂** | **၆.၅** |
| | ၁ | စွမ်းအင် | ၄,၈၉၉,၂၆၃.၅ | ၃.၀ | ၄,၇၄၃,၇၁၀.၂ | ၂.၇ | -၃.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၂၃၄,၉၇၈.၅ | ၀.၇ | ၁,၃၅၆,၀၉၁.၉ | ၀.၈ | ၉.၈ |
| | ၃ | စက်မှုလက်မှု | ၄၀,၄၄၆,၂၈၀.၅ | ၂၅.၂ | ၄၃,၃၅၆,၄၆၂.၃ | ၂၅.၃ | ၇.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂,၃၅၆,၆၈၄.၃ | ၁.၅ | ၂,၆၄၁,၈၈၄.၈ | ၁.၅ | ၁၂.၁ |
| | ၅ | ဆောက်လုပ်မှု | ၉,၄၃၆,၄၄၀.၂ | ၅.၉ | ၁၀,၀၈၇,၅၅၄.၆ | ၅.၉ | ၆.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၆၂,၁၂၈,၈၃၂.၈** | **၃၈.၇** | **၆၆,၄၇၉,၇၀၀.၃** | **၃၈.၈** | **၇.၀** |
| | ၁ | ပို့ဆောင်ရေး | ၁၆,၂၉၁,၃၁၄.၁ | ၁၀.၁ | ၁၇,၅၉၀,၀၅၅.၃ | ၁၀.၂ | ၈.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၉၀၆,၅၀၀.၁ | ၁.၈ | ၃,၀၅၄,၄၇၈.၉ | ၁.၈ | ၅.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၉၃,၅၂၂.၇ | ၀.၃ | ၅၃၃,၃၂၄.၆ | ၀.၃ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄,၇၇၃,၁၇၂.၇ | ၃.၀ | ၄,၉၃၅,၁၉၁.၅ | ၂.၉ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၅,၀၈၇,၂၀၇.၁ | ၃.၂ | ၅,၄၇၀,၈၇၇.၄ | ၃.၂ | ၇.၅ |
| | ၆ | ကုန်သွယ်မှု | ၃၂,၅၇၇,၁၁၆.၁ | ၂၀.၃ | ၃၄,၈၉၅,၇၇၂.၆ | ၂၀.၄ | ၇.၁ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၆၀,၆၅၄,၈၂၆.၆** | **၁၀၀.၀** | **၁၇၁,၄၉၈,၁၂၅.၂** | **၁၀၀.၀** | **၆.၇** |

ပူးတွဲ-၅

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၉၈,၅၂၅,၉၉၃.၈** | **၆၁.၃** | **၁၀၅,၀၁၈,၄၂၄.၉** | **၆၁.၂** | **၆.၆** |
| | ၁ | လယ်ယာ | ၂၇,၄၀၄,၆၄၈.၀ | ၁၇.၀ | ၂၉,၂၂၆,၈၆၄.၅ | ၁၇.၀ | ၆.၆ |
| | ၂ | သားငါး | ၁၂,၆၇၄,၈၂၉.၅ | ၇.၉ | ၁၃,၅၂၄,၀၃၃.၉ | ၇.၉ | ၆.၇ |
| | ၃ | သစ်တော | ၇၂,၈၆၉.၃ | ၀.၁ | ၈၁,၈၂၂.၇ | ၀.၁ | ၁၂.၃ |
| | ၄ | စွမ်းအင် | ၄,၈၉၉,၂၆၃.၅ | ၃.၀ | ၄,၇၄၃,၇၁၀.၂ | ၂.၇ | -၃.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၂၃၄,၉၇၈.၅ | ၀.၇ | ၁,၃၅၆,၀၉၁.၉ | ၀.၈ | ၉.၈ |
| | ၆ | စက်မှုလက်မှု | ၄၀,၄၄၆,၂၈၀.၅ | ၂၅.၂ | ၄၃,၃၅၆,၄၆၂.၃ | ၂၅.၃ | ၇.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂,၃၅၆,၆၈၄.၃ | ၁.၅ | ၂,၆၄၁,၈၈၄.၈ | ၁.၅ | ၁၂.၁ |
| | ၈ | ဆောက်လုပ်မှု | ၉,၄၃၆,၄၄၀.၂ | ၅.၉ | ၁၀,၀၈၇,၅၅၄.၆ | ၅.၉ | ၆.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၉,၅၅၁,၇၁၆.၇** | **၁၈.၄** | **၃၁,၅၈၃,၉၂၇.၇** | **၁၈.၄** | **၆.၉** |
| | ၁ | ပို့ဆောင်ရေး | ၁၆,၂၉၁,၃၁၄.၁ | ၁၀.၁ | ၁၇,၅၉၀,၀၅၅.၃ | ၁၀.၂ | ၈.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၉၀၆,၅၀၀.၁ | ၁.၈ | ၃,၀၅၄,၄၇၈.၉ | ၁.၈ | ၅.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၉၃,၅၂၂.၇ | ၀.၃ | ၅၃၃,၃၂၄.၆ | ၀.၃ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄,၇၇၃,၁၇၂.၇ | ၃.၀ | ၄,၉၃၅,၁၉၁.၅ | ၂.၉ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၅,၀၈၇,၂၀၇.၁ | ၃.၂ | ၅,၄၇၀,၈၇၇.၄ | ၃.၂ | ၇.၅ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၃၂,၅၇၇,၁၁၆.၁** | **၂၀.၃** | **၃၄,၈၉၅,၇၇၂.၆** | **၂၀.၄** | **၇.၁** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၆၀,၆၅၄,၈၂၆.၆** | **၁၀၀.၀** | **၁၇၁,၄၉၈,၁၂၅.၂** | **၁၀၀.၀** | **၆.၇** |

ပူးတွဲ-၆

**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း**
**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏**
**စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၂,၈၆၁,၄၀၄.၁ | ၁.၈ | ၃,၀၁၄,၃၂၀.၀ | ၁.၈ | ၅.၃ |
| ၂ | ကယားပြည်နယ် | ၃၂၉,၂၇၅.၇ | ၀.၂ | ၃၄၇,၉၅၆.၄ | ၀.၂ | ၅.၇ |
| ၃ | ကရင်ပြည်နယ် | ၃,၀၇၃,၄၄၈.၃ | ၁.၉ | ၃,၂၃၄,၈၂၃.၈ | ၁.၉ | ၅.၃ |
| ၄ | ချင်းပြည်နယ် | ၃၃၂,၉၉၄.၅ | ၀.၂ | ၃၄၆,၀၂၃.၈ | ၀.၂ | ၃.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇,၄၃၁,၈၅၉.၁ | ၁၀.၈ | ၁၈,၅၅၈,၅၆၅.၂ | ၁၀.၈ | ၆.၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆,၅၃၂,၅၅၅.၆ | ၄.၁ | ၆,၉၁၄,၆၅၃.၀ | ၄.၀ | ၅.၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၅,၈၈၀,၅၇၁.၀ | ၉.၉ | ၁၆,၉၇၅,၀၅၂.၇ | ၉.၉ | ၆.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၁,၈၂၁,၂၂၁.၃ | ၇.၄ | ၁၂,၆၆၁,၀၆၀.၁ | ၇.၄ | ၇.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၅,၃၇၅,၄၅၇.၀ | ၉.၆ | ၁၆,၄၆၂,၁၂၃.၉ | ၉.၆ | ၇.၁ |
| ၁၀ | မွန်ပြည်နယ် | ၆,၇၀၀,၁၄၈.၆ | ၄.၂ | ၇,၁၄၅,၁၇၅.၉ | ၄.၂ | ၆.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၈၇၉,၁၂၄.၆ | ၃.၀ | ၅,၀၆၉,၀၄၂.၉ | ၂.၉ | ၃.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၂,၄၉၀,၅၅၈.၀ | ၂၆.၄ | ၄၅,၉၄၃,၀၁၃.၀ | ၂၆.၈ | ၈.၁ |
| ၁၃ | ရှမ်းပြည်နယ် | ၉,၇၃၆,၆၂၇.၈ | ၆.၁ | ၁၀,၃၀၂,၈၆၆.၉ | ၆.၀ | ၅.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၉,၆၈၆,၈၁၂.၇ | ၁၂.၂ | ၂၀,၇၉၇,၃၂၃.၃ | ၁၂.၁ | ၅.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၃,၅၂၂,၇၆၈.၃ | ၂.၂ | ၃,၇၂၆,၁၂၄.၃ | ၂.၂ | ၅.၈ |

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများကို ပြတ်တောက်စေရန် ရည်ရွယ်ချက်ဖြင့် PDF အမည်ခံအကြမ်းဖက်သမားများက စလင်းမြို့နယ်ရှိ စစ်ရေးနှင့် မသက်ဆိုင်သော တညောင်ဓာတ်အားခွဲရုံကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

# ငလျင်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စီး ရန်ကုန်မြို့သို့ ရောက်ရှိ



ငလျင်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စီး ရန်ကုန်မြို့သို့ ရောက်ရှိစဉ်။

**နေပြည်တော် မတ် ၃၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသများရှိ ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura(F-48) နှင့် INS Savitri (P-53) တို့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT သို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များတွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် အသင့်စားခေါက်ဆွဲ၊ အာဟာရပြည့်ဘီစကွတ်၊ ပလတ်စတစ်ပုံး၊ ပလတ်စတစ်ရေခွက်၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ရွက်ဖျင်တဲ၊ တာပေါ်လင်စ၊ အဝတ်အထည်များ၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ဆေးဝါးများ စသည်တို့ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၄၀ ခန့်ဖြစ်ကြောင်းနှင့် ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နေနှင့် အရန်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

# စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးအဖွဲ့များကို ပိတ်ပင်ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်မည်ဆိုလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခွင့်ပြုချက်တောင်းခံရကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ




က ကယ်ဆယ်ရေးအဖွဲ့များကို ပိတ်ပင်ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်မည်ဆိုလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခွင့်ပြုချက်တောင်းခံရကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပရဟိတအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နေ့ညမပြတ် အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်နေမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

PDF အမည်ခံအကြမ်းဖက်သမားများက စလင်းမြို့နယ်ရှိ တညောင်ဓာတ်အားခွဲရုံကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့်ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် မတ် ၃၁**

မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရပြီး နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားများ အမြန်ဆုံးပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် တစ်ခုဖြစ်သည့် ငလျင်ဒဏ်ကြောင့် ပြည်သူများအတိဒုက္ခရောက်နေသဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက အခွင့်ကောင်းယူ၍ အဖျက်အမှောင့်အနှောင့်အယှက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၆ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၅၅၀၀ ခန့်အကွာရှိ တညောင်ဓာတ်အားခွဲရုံစက်ရုံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ အမှန်တကယ်တွင် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများနှင့် ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် မြို့ရွာများကို လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိပြီး ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ပြည်သူများ အတိဒုက္ခရောက်နေချိန်တွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက် အနှောင့်အယှက်လုပ်ရပ်များသည် လွန်စွာစက်ဆုပ်ဖွယ်ကောင်းကြောင်းနှင့် အဆိုပါ အကြမ်းဖက်အဖွဲ့များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟ)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ





နယ်မြေခံတပ်မတော်သားများက ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် မတ် ၃၁**

၂၀၂၅ခုနှစ် မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့် အချိန်တွင် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ငလျင်ဒဏ်သင့်ဒေသအသီးသီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့က အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်(၁/၂)သို့ သွားရောက်၍ နိုင်ငံ့ဝန်ထမ်းများကို ပင်စင်၊ လစာများ အဆင်ပြေချောမွေ့စွာ ထုတ်ပေးနေမှုများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ အောင်မြေသာစံမြို့နယ်ရှိ နန်းရှေ့အားကစားကွင်းတွင် ပြည်သူများအား အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုများကို လည်းကောင်း၊ စစ်ကိုင်းမြို့ရှိ မြတ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြို့တော်ဗလီ၊ မြို့မဗလီနှင့် မိုးကျဂျာမေဗလီများသို့ သွားရောက်၍ ပြိုကျပျက်စီးနေသည့် အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို အမြန်ဆုံးရှာဖွေဖော်ထုတ်နိုင်ရေး နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်း၊ မဟာသုန္ဒရာရာမကျောင်း၊ ရွှေကျင်တိုက်မကြီး၊ အဝေရာရာမကျောင်းတိုက်နှင့် မစိုးရိမ်တိုက်သစ်စသည့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို လည်းကောင်း၊ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်းသို့ သွားရောက်၍ ရုရှားနိုင်ငံမှ ရောက်ရှိလာသည့် ကယ်ဆယ်ရေးအဖွဲ့များကို သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းကို လည်းကောင်း ဆောင်ရွက်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပေါ်ရှိ မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဝေဠုဝန်ရိပ်သာကျောင်းတိုက်နှင့် ကန်သာဇရပ်တို့၌ လူ၊ ယာဉ်၊ စက်ယန္တရားကြီးများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရန်ကုန်- မန္တလေး အမြန်လမ်း ၁၆၅ မိုင်ရှိ ဆွာချောင်းတံတားပျက်စီးမှု အခြေအနေများနှင့် တံတားပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ သမိုင်းဝင်လောကမာရဇိန် နန်းတော်ဦးစေတီတော်မြတ်ကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၊ ပုဗ္ဗသီရိမြို့နယ်ရှိ A အိမ်ရာ(၆၃ မှ ၆၈ ထိ)၊ A အိမ်ရာ(၂၇ မှ ၃၀ ထိ)၊ ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀)နှင့် ပုဂံရှေးဟောင်းဘုရားတို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ယာယီဆေးရုံ၊ ရေဝတီတံတား (ရတနာပုံ)၊ ချမ်းအေးသာစံမြို့နယ်ရှိ ပြိုကျပျက်စီးခဲ့သည့် နေရာများ၊ မဟာမုနိရုပ်ရှင်တော်ဝင်းအတွင်းရှိ စောင်းတန်းနှင့် ရင်ပြင်တော်၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်းဓမ္မဗိမာန်၊ Sky Villa နေရာ၊ ကျောက်ဆည်မြို့ ကိုယ်ပိုင်မူကြိုကျောင်းနေရာ၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့နယ်၊ စစ်ကိုင်းမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်း ၁၆၅ မိုင်ရှိ ဆွာချောင်းတံတားတို့၌ လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများကို ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များချက်ပြုတ်၍ ထမင်းဟင်းများ လှူဒါန်းခြင်း၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(ဖြ၀၁)**





နယ်မြေခံတပ်မတော်သားများက ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက် ဆောင်ရွက်လျက်ရှိစဉ်။

# ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်း




ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်ထံ ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မတ် ၃၁**

ငလျင်ဒဏ်သင့် ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မလိခခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဒါန်းငွေကျပ် ၁ ဒသမ ၁၅၆ ဘီလီယံကို အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဖြ၀၁)**

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ထာဝရလှပသော အပြုံးအတွက်

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀


## ဦးအောင်ကျော်ခိုင်
## အသက်(၃၉)နှစ်

စဥ့်ကိုင်မြို့နေ ဦးစိုးတင် + ဒေါ်နွဲ့နွဲ့ဝင်းတို့၏သားငယ်၊ ဦးအောင်ထွန်း + ဒေါ်ပွင့်ဖြူစိုးတို့၏မောင်၊ ဦးအောင်ကျော်မိုး + ဒေါ်ဝင်းမာသက်တို့၏ညီ၊ (ဦးသန်းနိုင်ထွန်း) + ဒေါ်ကြည်ကြည်စိန်တို့၏ သားသမက်၊ ဒေါ်ဝင်းပပဖြိုး၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဖွဲ့ဘုဏ်းထက်၏ မွေးသဖခင်ကျေးဇူးရှင် ဦးအောင်ကျော်ခိုင်သည် ၂၈-၃-၂၀၂၅ ရက် (သောကြာနေ့)တွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၁၂:၀၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင်(၅)သိန်း(၅)ဦး
- အလုပ်သင် (၅)ဦး

Long Style (09-2053849)
(၆၆-၆၇၊ ၃၈)လမ်းထောင့်၊ မန္တလေးမြို့

## သင့်သွေးဖြင့် အသက် ကယ်ပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ဖြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေရန်ပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကိုဖြေကြားဖို့"
"ဝန်ဆောင်မှုများကောင်းစေရေး "1111" ကိုဖြေကြားပေး"

- GDPတွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ပါရှိ...
- ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်...
- အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDPသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဇလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့

စာမျက်နှာ- ၂၃





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ရှိ ဟိုတယ်အောင်ပန်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား စက်ယန္တရားကြီးများအသုံးပြု၍ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ငလျင်ဒဏ်သင့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၁

မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့်နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို

စာမျက်နှာ ၁၉ ကော်လံ ၁ ☆


OUR SERVICES

Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Service

Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services
Foreign Banking Services



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Phone No:(01) 2301367, 2301368, 2301452, 2301378